# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆန်း (၁၂) ရက် ၊ ကြာသပတေးနေ့ ၊ (29-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၆၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန်အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးသို့ နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော် ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကျင်းပ





ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မာရဝိဇယကျောင်းတော်ရှိ ရတနာပလ္လင်တော်ထက်သို့ မင်္ဂလာစက်ခလုတ်နှိပ်၍ ပင့်ဆောင်ပူဇော်စဉ်။

**နေပြည်တော် ဇွန် ၂၈**

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယကျောင်းတော်သို့ ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းနှင့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးသို့ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာအခမ်းအနားတို့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်သည်။

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၁၃ ၅၅၈ ဇွန် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# သီးနှံအထွက်တိုးစေဖို့ သဘာဝမြေဩဇာသုံးစွဲစို့

မြန်မာနိုင်ငံတွင် နိုင်ငံလူဦးရေ၏ ၇၂ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးတွင် သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာမှာ အဓိကလိုအပ်ချက်တစ်ခုပင်ဖြစ်သည်။ မြေဆီလွှာအာဟာရဓာတ်ပြည့်ဝမှသာ သီးနှံများအထွက်တိုးပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

ထို့ကြောင့် သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာများ ကောင်းမွန်စေရန် မြေဩဇာများအသုံးပြု၍ ပြုပြင်ကြရမည်ဖြစ်သည်။ မြေဩဇာတွင် ဓာတ်မြေဩဇာကို သုံးစွဲခြင်းသည် အပင်ကြီးထွားမှု၊ သီးပွင့်မှု စသည့်အပင်ဇီဝကမ္မဖြစ်စဉ်များကို ချက်ချင်းအကျိုးဖြစ်ထွန်းစေသည်။ သို့သော် ရေရှည်သုံးစွဲပါက မြေဆီလွှာပျက်စီးမှုတို့ဖြစ်စေသည်။ ဇီဝမြေဩဇာသည်လည်း သီးနှံအမျိုးအစားအလိုက်၊ မြေအမျိုးအစားအလိုက်ထည့်သွင်းအသုံးပြုရသော မြေဩဇာအမျိုးအစားဖြစ်သည်။ သဘာဝမြေ ဩဇာမှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် အသုံးပြုသင့်သော မြေဩဇာအမျိုးအစားဖြစ်ပေသည်။

သဘာဝမြေဩဇာတွင် နွားချေးအပါအဝင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သီးနှံ အကြွင်းအကျန်များ၊ သစ်စိမ်းမြေဩဇာတို့ဖြစ်ကြသည်။ သဘာဝမြေဩဇာများတွင် အာဟာရဓာတ်ပါဝင်မှုမှာ ဓာတ်မြေဩဇာထက်နည်းပါးသော်လည်း သီးနှံများအတွက် လိုအပ်သောအာဟာရဓာတ်စုံပါဝင်သောကြောင့် မြေဆီလွှာကောင်းမွန်ပြီး သီးနှံများအထွက်တိုးစေမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝမြေဩဇာကို စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာအသုံးပြုကြရမည်ဖြစ်သည်။

ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြရာတွင် သဘာဝမြေဩဇာအဖြစ် နွားချေးကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြသည်။ အချို့မှာ နွားချေးသီးသန့်အသုံးပြုကြပြီး အချို့မှာ နွားချေးကို သီးနှံအကြွင်းအကျန်များနှင့် ရောနှောအသုံးပြုကြသည်။ အသုံးပြုသောနွားချေးသည် ကောင်းစွာဆွေးမြည့်လျှင် နွားချေးတွင်ပါဝင်သော အာဟာရဓာတ်များကို သီးနှံများအတွက် အားဖြစ်စေသည့်အပြင် ဆွေးမြည့်သောနွားချေးသဘာဝမြေဩဇာမှ ထွက်ပေါ်လာသော သံဓာတ်၊ ဖော့စဖိတ်ဓာတ်တို့ကို သီးနှံများက အလွယ်တကူစားသုံးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နွားချေးမြေဩဇာများကို ကောင်းစွာဆွေးမြည့်အောင်ပြုလုပ်ပြီးမှသာ သုံးစွဲကြရမည်ဖြစ်ပေသည်။

ကောင်းစွာဆွေးမြည့်သော သဘာဝမြေဩဇာများကို အသုံးပြုလျှင် စေးသောမြေကိုဖွယ်စေပြီး သဲဆန်လွန်းသောမြေကိုလည်း သိပ်သည်းစေသည်။ ထို့ပြင် ရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းပေးနိုင်ပြီး မြေထဲတွင် လေဝင်လေထွက်ကောင်းမွန်စေနိုင်သကဲ့သို့ အပူအအေးကိုလည်း မျှတအောင်ထိန်းနိုင်ပေသည်။ အရေးအကြီးဆုံးအချက်မှာ မြေဆီလွှာအတွင်းရှိ သဘာဝမြေဆွေး သို့မဟုတ် မြေဆီဩဇာဓာတ်ကို ဖြည့်တင်းပေးရုံမျှမက ရေရှည်ကာလတွင် မြေဆီလွှာအာဟာရဓာတ်များကို ရေရှည်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝမြေဩဇာသည် လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူရရှိနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ခြင်း၊ မြေဆီလွှာအတွက် မြေဆီဩဇာဓာတ်ကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း၊ သီးနှံအထွက်တိုးစေရုံသာမက သီးနှံအရည်အသွေးပါတိုးတက်စေခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ကြသူများအနေဖြင့် သဘာဝမြေဩဇာကို ပိုမိုသုံးစွဲသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ်အတွင်း အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိ



**မန္တလေး ဇွန် ၂၈**

ဧရာဝတီမြစ်အတွင်း အင်ဒေါင်းကျေးရွာအနီးတွင် ဧရာဝတီလင်းပိုင် ၁၅ ကောင်ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားနေသည့် ဧရာဝတီလင်းပိုင်များ၏ အခြေအနေများကို လစဉ် တစ်လလျှင် သုံးကြိမ်သွားရောက်ကြည့်ရှုမှတ်တမ်းတင်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဇွန်လ ဒုတိယပတ်က ဧရာဝတီလင်းပိုင်များ မင်းကွန်းအနီးတွင် နေထိုင်ကျက်စားခဲ့ရာမှ ယခုအခါ အင်ဒေါင်းကျေးရွာအနီးသို့ ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း သိရသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲက ဧရာဝတီလင်းပိုင်တွေရဲ့အခြေအနေတွေကို ဇွန် ၂၇ ရက် နံနက်ပိုင်းက သွားပြီးကြည့်ဖြစ်တယ်။ ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာမှာ ဧရာဝတီလင်းပိုင် ၁၅ ကောင်လောက် အုပ်စုလိုက်ပြောင်းရွှေ့နေထိုင်ကျက်စားနေတာကိုတွေ့မြင်ခဲ့ရပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားရှိ ကျေးရွာများအတွင်း နေထိုင်ကြသည့် ရေလုပ်သားများအနေဖြင့်လည်း ဧရာဝတီလင်းပိုင်သားပေါက်များကို တွေ့ရှိပါက ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ထံ အသိပေးအကြောင်းကြားရန်လိုအပ်ကြောင်း သိရသည်။

မန္တလေးမှ ကချင်ပြည်နယ် ဗန်းမော်ထိ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၀ ရက်အတွင်း ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ယူမှုအရ မန္တလေးမှ ကျောက်မြောင်းကြား (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဧရိယာ ၁) တွင် ၂၈ ကောင်၊ ထီးချိုင့်- ကသာ-ရွှေကူ (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ ၂) အပါအဝင် ကန့်ဘလူမြို့နယ် မလယ်နှင့် ကချင်ပြည်နယ် ရွှေကူမြို့ကြားတွင် ၃၇ ကောင်၊ ဗန်းမော်မြို့နယ်တွင် ၁၄ ကောင် စုစုပေါင်း လင်းပိုင် ၇၉ ကောင်ရှိကြောင်း သိရသည်။

(၁၈၄)

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စက်ရုံ၊ အလုပ်ရုံ ၁၆၀၀ ကျော် စစ်ဆေးပြီးဖြစ်

**မန္တလေး ဇွန် ၂၈**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စက်ရုံ၊ အလုပ်ရုံ ၈၇၀၀ ကျော် စစ်ဆေးပေးသွားမည်ဖြစ်ရာ ယနေ့ထိ စက်ရုံ၊ အလုပ်ရုံ ၁၆၀၀ ကျော် စစ်ဆေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးထွဋ်ဆွေက ပြောပြ၍ သိရသည်။

တိုင်းဒေသကြီးအတွင်း လျှပ်စစ်သုံးစွဲပြီး လုပ်ငန်းများပြုလုပ်သည့်နေရာတိုင်းတွင် အန္တရာယ်များရှိနိုင်သည့်အတွက် ဘက်ပေါင်းစုံမှ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံများ၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် စက်ရုံ၊ အလုပ်ရုံ ၁၆၀၀ ကျော်စစ်ဆေးပြီးဖြစ်ကာ ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံများကိုလည်း ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း စက်ရုံ၊အလုပ်ရုံတွေ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေဖို့ ဌာနက ဆောင်ရွက်နေပါတယ်။ တစ်လကို ၁၀ ရုံနှုန်းနဲ့ စစ်ဆေးပါတယ်။ မီးဘေးအန္တရာယ်မဖြစ်စေဖို့အတွက် လုပ်ငန်းရှင်တွေကနေ ဌာနကိုကမ်းလှမ်းပြီး စစ်ဆေးပေးပါဆိုတဲ့ အဆိုပြုလွှာလိုပါတယ်။ လျှောက်ထားသူတွေများလာပါတယ်။ စစ်ဆေးတဲ့အခါမှာလဲ ဦးစီးဌာနအောက်မှာရှိတဲ့ လျှပ်စစ် စစ်ဆေးရေးဌာနကနေ တာဝန်ယူစစ်ဆေးတာရှိပါတယ်။ လျှောက်ထားလာတဲ့အပေါ်မူတည်ပြီး စစ်ဆေးပေးပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်မှာလဲ လျာထားချက်ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ဦးမျိုးထွဋ်ဆွေက ပြောပြသည်။

အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးသည့်အခါတွင် ကဏ္ဍမျိုးစုံကို စစ်ဆေးပေးပြီး စစ်ဆေးကြရာတွင် စက်ရုံ၊ အလုပ်ရုံများ၊ ဟိုတယ်များ၊ အများပြည်သူအသုံးပြုသည့် ဈေးကြီးများ၊ ရုပ်ရှင်ရုံကြီးများ၊ ဓာတ်လှေကား၊ စက်လှေကားများ၊ လျှပ်စစ်ထုတ်စက်များ၊ ဂဟေဆော်စက်များ၊ အဆောက်အအုံများထဲတွင် လျှပ်စစ်သွယ်တန်းခြင်းများ စသည်ဖြင့် စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြစ်သားမြို့နယ်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် မြစ်သားမြို့နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် သီရိမာလာကုန်စိမ်းသို့ မြစ်သားမြို့နယ်မှထွက်ရှိသည့် ကြက်သွန်နီများသည် နေ့စဉ် ခြောက်ဘီးကားအစီးရေသုံးစီးမှ လေးစီးခန့်ပုံမှန်ဝင်ရောက်နေကြောင်း၊ ကြက်သွန်နီများ ဈေးကွက်သို့ လိှုင်လှိုင်ဝင်ရောက်လာကာ ယခုလက်ရှိ ကြက်သွန်နီ ဈေးနှုန်းများမှာ အရွယ်အစားအလိုက် တစ်ပိဿာလျှင်ငွေကျပ် ၁၂၀၀ မှ ၂၂၀၀ ဈေးဖြင့်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြက်သွန်နီက အဓိကစိုက်ပျိုးတဲ့ ဒေသတွေကနေ ဝင်ရောက်လာပါတယ်။ ဒေသစုံက ထွက်ရှိလာတော့ ဈေးကွက်အတွင်းကို ကြက်သွန်နီတွေ နေ့စဉ် လှိုင်လှိုင်ဝင်ရောက်လာပါတယ်။ မြစ်သားကြက်သွန်က ဈေးကောင်းရရှိနေပါတယ်။ စိုက်ပျိုးမှုတွေကလဲ အားကောင်းလာပါတယ်။ ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေပါတယ်။ အရောင်းအဝယ်တွေ ကောင်းနေတာကြောင့် တောင်သူတွေအတွက်လဲ အဆင်ပြေကြပါတယ်။ ကျန်တဲ့သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ အာလူး၊ မုန်ညင်း၊ ဗိုလ်စားပဲ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး၊ မုန်ညင်းဖြူ၊ ခါကြက်ဥ စတဲ့သီးနှံတွေလဲ အသင့်အတင့် ရောင်းအားကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြသည်။

အဆိုပါ ကြက်သွန်နီများကို မြင်းခြံ၊ မြစ်သား၊ ရေစကြို၊ မုံရွာ၊ ဆိပ်ဖြူ၊ ပခုက္ကူနှင့် တောင်သာ စသည့်ဒေသစုံတို့တွင် နွေ၊ မိုးနှစ်ရာသီစိုက်ပျိုးကြကြောင်းသိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မိုင်းရှူးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းရှူး ဇွန် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဖက်ကီးကျေးရွာနှင့် ဝမ်လီကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ဖက်ကီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သိန်း ၈၀ ဖြင့် အလျား ရှစ်ပေ၊ အနံလေးပေ၊ အမြင့် ခုနစ်ပေရှိ နှစ်ခန်းတွဲ သန့်စင်ခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဝမ်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၀၉ သိန်းဖြင့် ကျေးရွာဘုံခန်းမဆောင် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဖက်ကီးကျေးရွာနှင့် ဝမ်လီကျေးရွာတို့၌ အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများ၏ ၅၀ ရာခိုင်နှုန်းကိုအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ယခုနှစ် ဧပြီလ တတိယပတ်က ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းထံမှ သိရသည်။

**ရှိုးသန်းညွန့်**

# ကော့ကရိတ်မြို့နယ် ကော့ထောခိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ကော့ကရိတ် ဇွန် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ထောခိုကျေးရွာ၌ ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကော့ထောခိုကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများစံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားသည်။

ကော့ထောခိုကျေးရွာ၌ ရေပိုက်လိုင်းပေ ၃၃၀၀ သွယ်တန်းခြင်းနှင့် ဂါလန် ၂၄၀၀ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၂၀ သန်းဖြင့် KSM ကုမ္ပဏီက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန္တာ**

# ကချင်ပြည်နယ်မှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည့်ကုန်တင်ကားအစီးရေ များပြားလာ



**မြစ်ကြီးနား ဇွန် ၂၈**

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်အတွင်း၌ အဓိကထားစိုက်ပျိုးသည့် တစ်သျှူးငှက်ပျောများကို ယခုလက်ရှိ တရုတ်နိုင်ငံသို့ တင်ပို့မှုပြန်လည် အားကောင်းလာကြောင်း၊ မေလ ပထမပတ်အတွင်းက တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ အနည်းငယ်သာ ရှိခဲ့သော်လည်း ယခုအခါ တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ များပြားလာကြောင်း သိရသည်။

“အခု ကချင်ပြည်နယ်ဘက်က ထွက်တဲ့ တစ်သျှူးငှက်ပျောကို ကံပိုင်တည်နယ်စပ်ဂိတ်ကနေ တရုတ်နိုင်ငံကို ၁၂ ဘီးကားနဲ့တင်ပို့တာနည်းတယ်။ ၂၂ ဘီးကားတွေနဲ့ပဲ တစ်သျှူးငှက်ပျောတွေကို အဓိကထားတင်ပို့နေကြတယ်”ဟု ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြသည်။

ကချင်ပြည်နယ်အတွင်းမှထွက်ရှိသည့် တစ်သျှူးငှက်ပျောများကို ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့သည့်ကုန်တင်ကား ဇွန်လပထမပတ်က အစီးရေ ၁၅၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ ဇွန်လနောက်ဆုံးပတ်မှစ၍ တစ်သျှူးငှက်ပျောတင်ပို့သည့် ကုန်တင်ကားအစီးရေ ၂၆၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

တစ်သျှူးငှက်ပျောများကို ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ မိုးမောက်နှင့် ဗန်းမော်မြို့နယ်တို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း ကချင်ပြည်နယ် အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တူးက ပြောပြ၍ သိရသည်။

(၁၈၄)

# စဉ့်ကိုင်မြို့နယ် မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကိုင် ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းဆုံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက မြောင်းဆုံကြီးကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၁၄၀၀၀၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မြောင်းဆုံကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၁၂၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၄၀၅၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၆၁၅၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၄၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**

# အုတ်တွင်းမြို့နယ် ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းပြုလုပ်

**အုတ်တွင်း ဇွန် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ အတိုးရရှိငွေဖြင့် ဆောင်ရွက်ခွင့်ရှိသောဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသင်းသား၊ အသင်းသူများ သိရှိလိုသော အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အုတ်တွင်းမြို့နယ် ကြံခင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၂၀၀ ကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**



# လူးတားကဗျာသမိုင်း(၄)

ဗိုလ်ရှိတ်(ရတနာပူရ)

❖ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားရေးဖွဲ့ခဲ့သူကို မောင်ရည်ဖြစ်ကြောင်း အစောဆုံးရေးသားဖော်ပြခဲ့သူမှာ မုံရွေးဆရာတော်ဖြစ်သည်။ နန်းတော်သစ်ရပ်နေ ဆီသည်ရွာစားမောင်ရည်ဟု နေရပ်၊ ရာထူး၊ အမည်ကိုပါ ပြည့်ပြည့်စုံစုံဖော်ပြထားသည်။ မိုင်းခိုင်းမင်းကြီးဦးယမ်ကလည်း မုံရွေးဆရာတော်နှင့်ထပ်တူညီစွာ ဆီသည်ရွာစားမောင်ရည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အထက်ပါအမှတ်အသားများအရ ဗိုလ်မှူးဘသောင်းဆိုသလို "မောင်ရည်"ဟူသောအမှတ်အသားကို မိုင်းခိုင်းမင်းကြီးဦးယမ် တစ်ဦးတည်းသာ ဆိုခြင်းမဟုတ်ဘဲ ထို့ထက်များစွာစောသည့် မုံရွေးဆရာတော်ကြီးကလည်း မိန့်ဆိုခဲ့ကြောင်း တွေ့နိုင်သည်။ ❖

**ဆီသည်ရွာစား ဦးအောင်ကြီး**

ဆီသည်ရွာစားဦးအောင်ကြီးသည် ညောင်ရမ်းခေတ်တွင် ပေါ်ထွန်းခဲ့သော ရှားရှားပါးပါးလူးတားစာဆိုဖြစ်သည်။ ညောင်ရမ်းခေတ်တွင် လူးတားစာဆိုဟူ၍ ဆီသည်ရွာစားဦးအောင်ကြီးတစ်ဦးသာ ပေါ်ထွန်းခဲ့သည်။ ညောင်ရမ်းခေတ်လူးတားဟူ၍လည်း ဦးအောင်ကြီး၏လူးတားသာရှိခဲ့သည်။ ဆီသည်ရွာစားဦးအောင်ကြီး၏ မွေးဖွားနှစ်နှင့် မိဘအမည်တို့ကို တိတိကျကျ မသိရပေ။ ဗိုလ်မှူးဘသောင်းကမူ ၁၀၃၀ ခန့်၊ ၁၀၉၀ ခန့်ဟု မွေးဖွားနှစ်နှင့် ကွယ်လွန်နှစ်ကို ခန့်မှန်းဖော်ပြထားသည်။

ဆီသည်ရွာစား ဦးအောင်ကြီးနှင့်ပတ်သက်၍ အမည်နှစ်မျိုးကွဲနေသည်လည်းရှိသည်။ "သာစွလေ"ချီ ဆယ့်နှစ်ရာသီလူးတားကို တချို့က ဆီသည်ရွာစား ဦးအောင်ကြီးရေးဟုဆိုပြီး တချို့က ဆီသည်ရွာစား မောင်ရည်ဟုလည်း ဆိုကြသည်။ ဗိုလ်မှူးဘသောင်း ပြုစုသော စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတွင် "အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတားကို ရေးသားဖွဲ့နွဲ့ခဲ့သူ ဆီသည်ရွာစားမှာ ထိုလူးတားစာကိုယ်အဆုံးတွင် ပါရှိသည့်အမှာစာအရ ပုဂံမင်းပြောက်၏ကျွန် ဆီသည်ရွာစားဦးအောင်ကြီးပင်ဖြစ်လေသည်။ ဤတွင် အရပ်ရပ်မှတ်သားချက်များ၌ ဦးအောင်ကြီးဟုပါရှိသော်လည်း ပိဋကတ်သမိုင်းစာတမ်းတစ်ခုတည်းတွင်သာ စဉ့်ကူးမြို့စီရင်စု၊ ဆီသည်ရွာစားမောင်ရည်ဟုပါရှိသည်။ မည်သို့ပင်ဖြစ်စေ အမှတ်အသားများရာကိုလိုက်၍ ဆီသည်ရွာစားဦးအောင်ကြီးဟူ၍ပင် ခေါ်ဆိုကာ" ဟူ၍ ဖော်ပြထားသည်။ ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပ္ပတ္တိအရ "သာစွလေ"ချီလူးတားစပ်ဆိုသူမှာ ပိဋကတ်သမိုင်းစာတမ်းတွင် မောင်ရည်ဟုဆိုသော်လည်း အမှတ်အသားများကြသည်မှာ ဦးအောင်ကြီးသာဖြစ်သည်။ မောင်ရည်ဟူသောအဆိုသည် ပိဋကတ်သမိုင်းစာတမ်းတစ်စောင်တည်းတွင်သာ ဖော်ပြထားသည်။ ထို့ကြောင့် ဦးအောင်ကြီးသာယူဆမည်ဟု ဆိုလိုရင်းဖြစ်သည်။ ဆရာကြီးဦးဖေမောင်တင်ပြုစုသော မြန်မာစာပေသမိုင်းတွင်လည်း ဦးအောင်ကြီးအမည်ဖြင့်သာ ဖော်ပြထားသည်။ သို့ဖြစ်သောကြောင့် "သာစွလေ"ချီလူးတားကိုရေးသူမှာ ဦးအောင်ကြီးဖြစ်သည်၊ မောင်ရည်ဖြစ်သည်ကို ရှေးမှတ်တမ်းများအရ ဖော်ပြပါဦးမည်။

မုံရွေးဆရာတော်ကြီးပြုစုခဲ့သော မုံရွေးရာဇဝင်ကျော်၌ "သာစွလေ"ချီလူးတားရေးစပ်သူအကြောင်းကို "နန်းတော်သစ်ရပ်နေ ဆီသည်ရွာစားမောင်ရည်လည်း သာစွလေချီသော ၁၂ ရာသီလူးတားကိုဆို၏" ဟူ၍ မှတ်တမ်းတင်ထားသည်။

ရှေးမှတ်တမ်းတစ်ခုတွင်လည်း အမည်ကိုပြဆိုထားခြင်းမရှိဘဲ "ဆီသည်ရွာစားစာဆို စာရင်း ၁၂ ရာသီလူးတား"ဟူ၍သာ ပြဆိုထားသည်။ မောင်ရည်ဟူ၍လည်း မပါသလို မောင်အောင်ကြီးဟူ၍လည်းမပါပေ။ ကျွန်တော်ရှာဖွေစုဆောင်းသော ရှေးစာဆိုတို့၏ အတ္ထုပ္ပတ္တိပေမူတွင်လည်း "ဆီသည်ရွာစားအကြောင်း၊ ဟံသာဝတီရောက်မင်း ဘိုးတော်ပုဂံမင်းပြောက်ကျွန်၊ ဟံသာဝတီရောက်မင်း ခမည်းတော် ဆင်ဖြူရှင် တနင်္ခွေမင်းလက်ထက်တွင် သာစွလေချီ ၁၂ ရာသီလူးတား ၁၅ ပုဒ်ကို ဆိုသည်"ဟူ၍ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ဤပေမူတွင်လည်း မည်သူမည်ဝါဟူ၍မဖော်ပြဘဲ ဆီသည်ရွာစားဟူ၍သာ ရာထူးကို မှတ်တမ်းတင်ထားသည်။ စာဆို၏ဘဝအကြောင်းကို အနည်းငယ်ပို၍သိလာရသည်မှာ ဟံသာဝတီရောက်မင်းတရားကြီး၏ဘိုးတော်ဖြစ်သူ ပုဂံမင်းပြောက်၏ ကျွန်ဖြစ်ကြောင်းနှင့် ဆယ့်နှစ်ရာသီလူးတားကို ညောင်ရမ်းမင်းဆက် ၁၀ ဆက်တွင် ကိုးဆက်မြောက်တနင်္ခွေမင်းလက်ထက်၌ ရေးသားခဲ့ကြောင်း သိရသည်။

မင်းတုန်းမင်းကြီးနန်းတက်စတွင် ပြုစုခဲ့သော ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် ကျွန်တော့်ဆီတွင်ရှိသောပေမူနှင့် ထပ်တူစွာပင် "ဆီသည်ရွာစားအကြောင်းကား ဟံသာဝတီပါမင်း ဘိုးတော် ပုဂံမင်းပြောက်ကျွန်၊ ဟံသာဝတီရောက်မင်း ခမည်းတော် တနင်္ခွေမင်းလက်ထက်တွင် သာစွလေချီ ၁၂ ရာသီလူးတား ၁၅ ပုဒ်ကိုဆိုသည်" ဟူ၍ မှတ်တမ်းတင်ထားသည်။ ဤကျမ်းတွင်လည်း ဆီသည်ရွာစားဟူ၍သာ သာမန်အားဖြင့် မှတ်တမ်းတင်ထားသည်။

မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်းကြီးမဟာသီရိဇေယသူဦးယမ်ရေးသားပြုစုခဲ့သော ပိဋကသုံးပုံစာတမ်းတွင် "အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတား၊ စဉ့်ကူးမြို့စီရင်စု ဆီသည်ရွာစားမောင်ရည်ဆို"ဟူ၍ မှတ်တမ်းတင်ထားသည်။

အထက်တွင်ဖော်ပြခဲ့သော မှတ်တမ်းအားလုံးသည် မြန်မာမင်းတို့လက်ထက်ပြုစုခဲ့သော မှတ်တမ်းများပင်ဖြစ်သည်။ အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားရေးဖွဲ့ခဲ့သူကို မောင်ရည်ဖြစ်ကြောင်း အစောဆုံးရေးသားဖော်ပြခဲ့သူမှာ မုံရွေးဆရာတော်ဖြစ်သည်။ နန်းတော်သစ်ရပ်နေ ဆီသည်ရွာစားမောင်ရည်ဟု နေရပ်၊ ရာထူး၊ အမည်ကိုပါ ပြည့်ပြည့်စုံစုံဖော်ပြထားသည်။ မိုင်းခိုင်းမင်းကြီးဦးယမ်ကလည်း မုံရွေးဆရာတော်နှင့် ထပ်တူညီစွာ ဆီသည်ရွာစားမောင်ရည်ဖြစ်ကြောင်း ဖော်ပြထားသည်။ အထက်ပါအမှတ်အသားများအရ ဗိုလ်မှူးဘသောင်းဆိုသလို "မောင်ရည်"ဟူသောအမှတ်အသားကို မိုင်းခိုင်းမင်းကြီးဦးယမ်တစ်ဦးတည်းသာ ဆိုခြင်းမဟုတ်ဘဲ ထို့ထက်များစွာစောသည့် မုံရွေးဆရာတော်ကြီးကလည်း မိန့်ဆိုခဲ့ကြောင်း တွေ့နိုင်သည်။

ဆီသည်ရွာစားဦးအောင်ကြီးဟူသော အမှတ်အသားကို စတင်သုံးနှုန်းခဲ့ကြသည်မှာ ကိုလိုနီခေတ်တွင်ပြုစုခဲ့သောကျမ်းများနှင့် လွတ်လပ်ပြီးခေတ်ပြုစုခဲ့သော ကျမ်းများဖြစ်သည်။ မြန်မာစာညွှန့်ပေါင်းကျမ်း ဒုတိယတွဲ၊ ကဗျာဗန္ဓသာရကျမ်း၊ မြန်မာစာပေသမိုင်းကျမ်း၊ စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်း၊ ဆရာလှသမိန်၏ ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များအတ္ထုပ္ပတ္တိကျမ်း စသည့်ကျမ်းတို့တွင်ဖြစ်သည်။ သို့ဖြစ်သောကြောင့် အစောဆုံးတွေ့ရသည့်ကျမ်းကို ဦးစားပေးရမည်ဆိုလျှင် မုံရွေးဆရာတော်ကြီး၏အမှတ်အသားကို ဦးစားပေးရပေမည်။ မုံရွေးဆရာတော်သည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ထင်ရှားသောစာဆိုတော်ကြီးဖြစ်သည်။ မှန်နန်းမဟာရာဇဝင်တော်ကြီးပြုစုရေးအဖွဲ့ဝင် ၁၃ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

ရာဇဝင်ကျမ်း၊ ပို့ကဗျာ၊ လင်္ကာ၊ ရတုများစွာကို ရေးသားခဲ့သော စွယ်စုံထူးချွန်သောပုဂ္ဂိုလ်ကြီးဖြစ်သည်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်ကြီး၏အမှတ်အသားသည် မှားဖွယ်ရာမရှိပေ။ ထို့ကြောင့် အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားကို မုံရွေးဆရာတော်ကြီးနှင့် မိုင်းခိုင်းမင်းကြီးဦးယမ်တို့၏ အမှတ်အသားအတိုင်း "နန်းတော်သစ်ရပ်နေ၊ စဉ့်ကူးမြို့အပိုင်၊ ဆီသည်ရွာစားမောင်ရည်"ဟူသောအဆိုသာ လက်ခံချင်ပါသည်။

ထိုသို့မဟုတ်လျှင်လည်း တစ်မျိုးယူဆမှတ်သားစရာရှိသည်။ သာစွလေချီဆယ့်နှစ်ရာသီလူးတားစပ်ဆိုသူမှာ မောင်ရည်နှင့် ဦးအောင်ကြီးသာကွဲပြားပြီး သာစွလေချီလူးတားရေးဖွဲ့သည်မှာ တူခြင်း၊ ဆီသည်ရွာစားရာထူးတူခြင်းတို့မှာတူညီသောကြောင့် မောင်ရည်နှင့် ဦးအောင်ကြီးမှာ အမည်နှစ်မျိုးကွဲသော်လည်း တစ်ဦးတည်းဟု ယူဆနိုင်သည်။ ထိုကဲ့သို့ယူဆနိုင်ကြောင်းကို ၁၉၆၅ ခုနှစ် ဟံသာဝတီပုံနှိပ်တိုက်ထုတ် "အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတား"တွင် တည်းဖြတ်သူက "ဦးအောင်ကြီးနှင့် မောင်ရည် အမည်အမှတ်ကွဲပြားရှိသော်လည်းစာကိုယ်မှာမူ ဤသာစွလေချီအဝမြို့ဘွဲ့ ၁၂ ရာသီလူးတားပင်ဖြစ်သောကြောင့် စာကွဲသည်၊ ပုဂ္ဂိုလ်ကွဲသည်ဟု မယူထိုက်တော့ချေ။ အမည်မျှသာ ထူးခြားထွက်ဆိုသည်။ ထိုသို့ထူးခြားထွက်ဆိုသော်လည်း ဤစာရေးသူကို နှစ်မည်ရ၊ နှစ်မည်တွင် ပုဂ္ဂိုလ်ဖြစ်သည်ဟုလည်း ယူရာ၏။ ထိုသို့ယူလျှင် မည်သည့်အမှတ်အသားနှင့်မျှ ဆန့်ကျင်ဖွယ်မရှိ၊ ယုတ္တိလည်းသင့်ပေသည်"ဟူ၍ ရေးသားထားပေသည်။

ဆီသည်ရွာစားဦးအောင်ကြီးဟုဆိုကြသူများသည် မုံရွေးဆရာတော်ကြီး၏အမှတ်အသားကို ပမာဒလေခ ဖြစ်ပြီး မေ့ကျန်ခဲ့ဟန်တူသည်။ ကျွန်တော့်အလိုမှာ မုံရွေးဆရာတော်ကြီးအဆိုအတိုင်း မောင်ရည်ဟူ၍သာ မှတ်သားချင်ပါသည်။ ဤနေရာတွင် သတိပြုမှတ်သားစရာတစ်ခုကို ပြောချင်ပါသည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် "ကျက်သရေမင်္ဂလာ၊ လေးရောင်ဖြာသား" အစချီသော ချေင်းကိုစပ်ဆိုခဲ့သူ သံတော်ဆင့်မောင်ရည်ဟူ၍ရှိသည်။ ထိုချေင်းကိုစပ်ဆိုသူ သံတော်ဆင့်မောင်ရည်နှင့် သာစွလေချီလူးတားကိုစပ်ဆိုသူ ဆီသည်ရွာစားမောင်ရည်တို့ကို ရောထွေးမှုမရှိစေရန် သတိပြုမှတ်သားရန်လိုသည်။

**စိန္တကျော်သူဦးဩ**

စိန္တကျော်သူဦးဩသည် ကုန်းဘောင်ခေတ်ဦးကာလ အလောင်းမင်းတရားကြီးလက်ထက်တွင် ထင်ရှားကျော်ကြားသောစာဆိုတော်ကြီးဖြစ်သည်။ စိန္တကျော်သူဦးဩသည် ထင်ရှားကျော်ကြားသောစာဆိုတော်တစ်ဦးဖြစ်ခြင်းကြောင့် စာဆို၏ဘဝအကြောင်းကို အတ္ထုပ္ပတ္တိကျမ်းများတွင် နေရာပေးဖော်ပြခဲ့ပြီးဖြစ်သည်။ ဤနေရာတွင် ရှေးစာမူတစ်ရပ်ကို ထိန်းသိမ်းသည့်အနေဖြင့် ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းလာ စိန္တကျော်သူဦးဩအကြောင်းကို ကောက်နုတ်ဖော်ပြပါမည်။ ကဗျာဝိဒူအနုပုဗ္ဗိကထာကျမ်းတွင် ဖော်ပြထားသော စိန္တကျော်သူဦးဩအကြောင်းမှာ ဤသို့ဖြစ်သည်။

"မောင်အောအကြောင်းကား သက္ကရာဇ် ၁၀၉၅ ခု အဝမြို့တွင် နန်းတက်တော်မူသော မဟာရာဇာဓိပတိ တံဆိပ်နာမံခံသော ဟံသာဝတီရောက်မင်းလက်ထက် တလိုင်းတို့နှောင့်ယှက်သောကြောင့် မလွန်မြို့ပျက်၍ တရုပ်မြို့က ဆီးခံသည်တွင် အရေးစကားပြောဆိုပြန်လာသည့်နောက် သက္ကရာဇ် ၁၁၁၁ ခုတွင် စဉ့်ကိုင်ကို ကေတုမတီတောင်ငူမြို့သမုတ်၍ မြတ်နန်းစံရာ၊ နန်းတော်၊ လွှတ်တော်၊ ရှေ့ရုံး၊ နောက်ရုံး၊ ဝင်းလေးမျက်နှာရုံး၊ ဝန်ကြီး၊ ဝန်ထောက်၊ ဝင်းမှူး၊ အတွင်းဝန်၊ သံတော်ဆင့်၊ နားခံ၊ စာရေးကြီးမြို့ဝန်၊ ထောင်မှူး၊ အနောက်ဝန်မှစ၍ ထီးနန်းကိရိယာ၊ မင်းဇေရာဇ်တို့ အခမ်းအနားများစွာနှင့်တကွ ဘုရင်ခံမင်းပြိုင်အဖြစ်နှင့် ဥကင်ကြီးဖွင့်ရသော မာရ်အောင်ရတနာဒါယကာ စနေမင်းမိဖုရား ညောင်ရွှေစော်ဘွားသမီး ကန်သစ်ကတော်တွင်မြင်သော သားတော် ငယ်မည် မောင်ဥဂ္ဂါ၊ မင်းရဲကျော်ခေါင်ဘွဲ့ကသည် သတိုးမင်းခေါင်ဘွဲ့၊ နောက် ကိုးသိန်းသခင်မင်းခေါင်ဘွဲ့၊ နောက် သီရိသုဓမ္မရာဇာဓိပတိတံဆိပ်နာမံရှိသော မင်းသည် အပြင်းတိုက်တွန်း၍ အလုံမြို့စီရင်စု မောင်းထောင်ကြီးရွာတွင် အမိမပု၊ အဖမောင်ဇယတို့တွင် ဖွားမြင်သည့် သက္ကရာဇ် ၁၀၉၈ ခုဖွား၊ နံအင်္ဂါသား၊ ငယ်မည် မောင်အော၊ တွင်းသင်းမင်းကြီးတူ သာမဏေလူထွက်၍ အသက် ၁၃ နှစ်တွင် ရွှေတောင်ရာဇကျော်ဘွဲ့ကို ခံသည်။ အဝမြို့ပျက်သည့်နောက် ရတနာသိင်္ဃမြို့တွင် ငယ်မည်တွင်ပြန်၍ ဆောင်းပါးရေးသည်တွင်မှ အလောင်းမင်းတရားကြီးက စိန္တကျော်သူဘွဲ့ကို ပေးသည်။ ၎င်းမင်းသားသခင်မှာ စာဆိုအရာနှင့်ထမ်း၍ ရတနာသိင်္ဃမြို့ကန်တော်ဖွဲ့၊ ပြာသာဒ်ထီးချက်တော်ဖွဲ့၊ ဆင်ဖြူရှင်ဘုရား အိမ်တော်သိမ်းဖွဲ့၊ အနောက်အိမ်တော် အမြင့်မင်းနှင့်တူမတော်လက်ထပ်ပွဲတွင် မင်္ဂလာရတု၊ ၎င်းနောက် သားတော်ငယ် ပင်းတလဲမင်းသားချေင်း၊ မင်းဆက်လင်္ကာ၊ အလောင်းမင်းတရားယိုးဒယားချီတွင် ဘုန်းပဒေသာချီလူးတားနှင့် ကဗျာလင်္ကာအများရေးသည်။

**ပျံ့ချီရွှေတောင်**

ပျံ့ချီရွှေတောင်သည် ဆင်ဖြူရှင်မြေဒူးမင်းလက်ထက် ထင်ရှားသောစာဆိုတော်တစ်ဦးဖြစ်သည်။ စာဆို၏ဘဝအကြောင်းကို မသိရသေးပေ။ ရတနာရွှေဖောင်တော်ဘွဲ့လူးတားနှင့် ဆင်ဖြူရှင်မြေဒူးမင်း သိဂ္ဂိုတ္တရစုန်ဖောင်တော်ဘွဲ့လူးတားနှစ်ပုဒ်ကို စပ်ဆိုခဲ့ကြောင်းသာ သိရသည်။ ထိုလူးတားနှစ်ပုဒ်မှာလည်း ယခုအခါ ရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ စာဆို၏ ဘဝအကြောင်းကိုကား သုတေသနပြု ဖော်ထုတ်ရဦးမည်ဖြစ်သည်။

**ရွှေကျောင်းဦးပု**

ရွှေကျောင်းဦးပုသည် ရဟန်းစာဆိုတော်တစ်ပါးဖြစ်ပြီး အလုံမြို့စီရင်စု ရဲချင်းရွာ၌ ၁၁၀၀ ပြည့်နှစ်ခန့်တွင် မွေးဖွားခဲ့သည်။ မိဘအမည်ကို ပြည့်ပြည့်စုံစုံ မသိရသေးပေ။ ဆင်ဖြူရှင်မြေဒူးမင်းသည် သက္ကရာဇ် ၁၁၃၃ ခုနှစ်တွင် အင်းဝမြို့ ဘုံကျော်ကျောင်းတိုက်အတွင်း လေးထပ်ရွှေကျောင်းကြီးကို တည်ဆောက်ခဲ့သည်။ ဘုံကျော်ကျောင်းနှင့်ရွှေကျောင်းကို အစွဲပြုပြီး ဘုံကျော်ရွှေကျောင်းဟု ခေါ်ကြသည်။ ရွှေကျောင်းဦးပုသည် ဆင်ဖြူရှင်မြေဒူးမင်းတည်ဆောက်ခဲ့သော ဘုံကျော်ရွှေကျောင်း၌ သီတင်းသုံးနေထိုင်ခဲ့သည်။ ထိုရွှေကျောင်းကြီးကို အစွဲပြုပြီး ရွှေကျောင်းဦးပုဟုခေါ်ကြခြင်းဖြစ်သည်။ ရွှေကျောင်းဦးပုသည် စန္ဒကုမာရပျို့၊ ကုသပျို့၊ ဆယ့်နှစ်ရာသီရတုများ၊ ဂိဟိသုတဝိနယပျို့၊ အလောင်းစည်သူလူးတားတို့ကို ရေးသားခဲ့သည်။ အလောင်းစည်သူလူးတားမှာ ယခုအခါရှာဖွေတွေ့ရှိထားပြီးဖြစ်သည်။ "တိဝဋ္ဋယ၊ သုံးလောကတွင်"အစချီထားသည်။ အလောင်းစည်သူလူးတားရေးသားစပ်ဆိုပြီးသည့်နှစ်မှာ ၁၁၄၅ ခုနှစ် ဘိုးတော်ဗဒုံမင်းလက်ထက်ဖြစ်သည်။ ဤလူးတားမှာ ပုံနှိပ်မူဖြင့်မရှိသေးပေ။ ရွှေကျောင်းဦးပုကွယ်လွန်သောနှစ်ကို တိတိကျကျမသိရပါ။ အလောင်းစည်သူလူးတားကို ၁၁၄၅ ခုနှစ်တွင် စပ်ဆိုပြီးသည်ဟုဆိုသောကြောင့် ရွှေကျောင်းဦးပုသည် ဘိုးတော်ဗဒုံမင်းလက်ထက်ထိရှိသည်ဟု သိနိုင်သည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင်မှ အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနိုးဆော်လိုက်ရပါတယ်။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၈၁ ဧက စိုက်ပျိုးပြီးစီး

**ထီးချိုင့် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၆၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် မိုးစပါး ၄၀၂၇၁ ဧကစိုက်ပျိုးရန် လျာထားပြီး မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၈၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်စိုက်ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ်မှာ ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၄၀၂၇၁ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဒီနှစ် မိုးစပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးမှုကတော့ ပုံမှန်အတိုင်းပါပဲ။ အထွက်နှုန်းကောင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ယခင်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် မိုးစပါး ၄၀၂၇၁ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် အထွက်နှုန်းအနေဖြင့် ၉၂ ဒသမ ၆၅ တင်းထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန် နည်းပညာပေးခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ထီးချိုင့်မြို့နယ်တွင် နွေစပါး ၁၀၆၂၀ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိ စိုက်ပျိုးခဲ့ရာ ၁၀၂၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)

# မတ္တရာမြို့နယ် ဂွေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေး

**မတ္တရာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂွေးပင်ကျေးရွာအုပ်စု ဂွေးပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဇွန် ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်းကွာဟမှုကို လျော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်နှင့် စီမံကိန်းတာဝန်ခံတို့က ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ဂွေးပင်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း မတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ဗိုလ်ဗိုလ်ထံမှ သိရသည်။

**သက်မာ**

# စာဖတ်ပါ

\- စာပေကို ချစ်မြတ်နိုးပါလို့
စာတန်ဖိုး သိစေကွယ်၊
စာဖတ်သူ အမြင်လန်း
ပွင့်ပန်းသဖွယ်၊
စာဖတ်ခြင်း ကင်းသူရယ်
မျက်ကန်းနှယ် ပမာထား၊
ငါတို့တွေ စာဖတ်ကြလို့
ဘဝခွန်အား။

\- မြန်မာ့စာပေ သိပ်မြင့်မား
တို့ကြိုးစား သင်ယူပါ၊
ကမ္ဘာဝယ် အလှပန်း
တင့်ဆန်းလျက်သာ၊
ဗျည်းသရ ပေါင်းစပ်ကာ
အက္ခရာ မှတ်စေသား၊
ရှေးစာဆို မြတ်ကဝိတို့
ရေးဘိချန်ထား။

\- လောကဝယ် အမှန်အမှား
စာပေကား ပေးစွမ်းပါ၊
ခေတ်လူငယ် သမီးသား
မှတ်ထားရင်မှာ၊
စာဖတ်ခြင်း မွေ့လျော်ကာ
ဘဝသာ ဆောက်တည်ပေး၊
စာဖတ်သူ ပန်းတိုင်ရောက်လို့
(အိုကွယ်)
ထွန်းတောက်ကြယ်လေး။ ။

**ဇေဂျမ်းရွာကျောင်းအိုသား**

# ကြာအင်းဆိပ်ကြီးမြို့နယ် မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇွန် ၂၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ကြာအင်းဆိပ်ကြီးမြို့နယ် မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြို့ဟောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်က စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြာအင်းဆိပ်ကြီးမြို့နယ် မြို့ဟောင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂၄ ဒသမ ၉သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅ ဒသမ ၇ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၀ ဒသမ ၆၁ သိန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်ထံမှ သိရသည်။

**ကိုသက်**

## နိုင်ငံတကာ သတင်းများ

# ပြည်ပကျွမ်းကျင်အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှု တောင်ကိုရီးယားမြှင့်တင်မည်



**ဆိုးလ် ဇွန် ၂၈**

ယခုနှစ်အတွင်း ပြည်ပကျွမ်းကျင် အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာအရေအတွက်ကို စံချိန်တင် ထုတ်ပေးရန် တောင်ကိုရီးယား အစိုးရက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လုပ်သားရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည့် ကုမ္ပဏီများကို ကူညီနိုင်ရန် ယခုနှစ်အတွင်းပြည်ပ အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုကို အရေအတွက်အားဖြင့် ၁၅ ဆမြှင့်တင်မည်ဖြစ်ကြောင်း တောင်ကိုရီးယား တရားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါအစီအစဉ်အရ တောင်ကိုရီးယားအစိုးရသည် ယခုနှစ်အတွင်း ပြည်ပကျွမ်းကျင် အလုပ်သမားဦးရေ ၃၀၀၀၀ ကျော်တို့အတွက် ပြည်ဝင်ခွင့်ဗီဇာများထုတ်ပေးမည်ဖြစ်သည်။

တောင်ကိုရီးယား နိုင်ငံသည် ယခင်က တစ်နှစ်လျှင် ပြည်ပကျွမ်းကျင် အလုပ်သမားဦးရေ ၂၀၀၀ခန့်သာ ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးလေ့ရှိသည်။

တောင်ကိုရီးယား လူငယ်များသည် ကာယအားစိုက်ရန်လိုသည့် အလုပ်အကိုင်များ၌ ဝင်ရောက်လုပ်ကိုင်ရန် ဝန်လေးနေကြမှုကြောင့် တောင်ကိုရီးယား၏စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းကဏ္ဍများမှာ လုပ်သားရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းရေးအတွက် ပြည်တွင်းကုမ္ပဏီများ၏တောင်းဆိုချက်အရ ပြည်ပကျွမ်းကျင် လုပ်သားများအတွက် သတ်မှတ်ထားသည့် ပြည်ဝင်ခွင့်ဗီဇာရယူမှု စည်းမျဉ်းများကိုလည်း ဖြေလျှော့ပေးရန် တောင်ကိုရီးယားအစိုးရက စီစဉ်ထားကြောင်း သိရသည်။ KKO

# ဟိုက်ပါဆိုးနစ် လေဟုန်စီးယာဉ်ရွေ့ပြေးပုံစံကို ပထမဆုံးအကြိမ်အဖြစ် ပြင်သစ်စမ်းသပ်

**ပဲရစ် ဇွန် ၂၈**

ပြင်သစ်နိုင်ငံသည် အသံထက်မြန်နှုန်းလွန်ဟိုက်ပါဆိုးနစ်လေဟုန်စီးယာဉ် ရွေ့ပြေးပုံစံကို ပထမဆုံး အကြိမ်အဖြစ် စမ်းသပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

ဗွီအမ်အေအိတ်စ်ဟူ၍ အမည်ပေးထားသည့် အဆိုပါဟိုက်ပါဆိုးနစ်လေဟုန်စီးဒုံးယာဉ်ရွေ့ပြေးပုံစံကို သယ်ဆောင်ထားသည့် ဒုံးပျံတစ်စင်းကို ပြင်သစ်စစ်ဘက်က ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်းမှတစ်ဆင့် ဇွန် ၂၆ ရက်တွင် ပစ်လွှတ်ခဲ့သည်။

သို့သော်စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များကို ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

ပြင်သစ်စစ်ဘက်သည်နည်းပညာအဆင့်အမြင့်ဆုံး လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်နိုင်မည့် ဒုံးကျည်နည်းပညာသစ်များ ဖော်ထုတ်ရန် ကြိုးစားလျက်ရှိသည်။

ပြင်သစ် ကာကွယ်ရေးဝန်ကြီးဌာနသည် ဗွီအမ်အေအိတ်စ်ဟိုက်ပါဆိုးနစ် လေဟုန်စီးယာဉ်စီမံကိန်းကို အာရီယာနီလေကြောင်းစက်မှုလုပ်ငန်းကုမ္ပဏီနှင့် ပူးတွဲအကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ဟိုက်ပါဆိုးနစ် လေဟုန်စီးယာဉ်များသည် ဒုံးအင်ဂျင်အကူအညီမလိုဘဲ တစ်နာရီလျှင် ကီလိုမီတာ ၆၀၀၀အမြန်နှုန်းဖြင့် ပျံသန်းနိုင်သော ယာဉ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

KKO

# ဂျာမနီ၌ ရိုင်းမြစ်ရေနည်းလာမှုကြောင့် မြစ်တွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအခက်အခဲနှင့်ရင်ဆိုင်နေရ

**ဘာလင် ဇွန် ၂၈**

ဂျာမနီနိုင်ငံ ရိုင်းမြစ်အတွင်း ရေနည်းလာမှုကြောင့် မြစ်တွင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိုင်းမြစ်ကြောင်း ရေနည်းလာမှုကြောင့် ကုန်တင်သင်္ဘောများအနေဖြင့် ကုန်စည်များပုံမှန်ထက်လျော့၍ တင်ဆောင်နေကြရမှုကြောင့် သယ်ယူပို့ဆောင်ရေး စရိတ်လည်း ထပ်တိုးလာကြောင်း ဂျာမနီပြည်တွင်းကုန်သည်များက ယနေ့တွင် ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ၌ဇွန်လအစောပိုင်းကာလများတွင် ပူပြင်းခြောက်သွေ့သည့်ရာသီဥတု ဝင်လာတတ်ရာ ရိုင်းမြစ်သည်လည်း ရေနည်းလာပြီး သင်္ဘောများအတွက် ရေစူးတိမ်သွားတတ်သည်။

သို့သော် ဂျာမနီနိုင်ငံ၌ ဇွန် ၂၉ ရက်မှစ၍ မိုးစတင်ရွာသွန်းဖွယ်ရှိသောကြောင့် ရိုင်းမြစ်အတွင်းမြစ်ရေပြန်တိုးလာနိုင်ကြောင်း ကုန်သည်များက မျှော်လင့်ထားသည်။

၂၀၂၂ ခုနှစ် နွေရာသီအတွင်းကလည်း မိုးခေါင်ရေရှားပါးမှုနှင့်အပူလှိုင်းကျရောက်မှုတို့ကြောင့် ရိုင်းမြစ်ရေမကြုံစဖူးကျဆင်းခဲ့ရာ ဂျာမနီကုန်သည်များ ကုန်စည်ပို့ဆောင်ရေးအတွက် အခက်တွေ့ခဲ့ကြရဖူးသည်။

ရိုင်းမြစ်သည် ဥရောပ၏ အဓိကမြစ်ကြီးများထဲတွင် ပါဝင်ပြီး ဂျာမနီအပါအဝင် ဥရောပနိုင်ငံခြောက်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသော အရှည် ၁၂၃၃ကီလိုမီတာရှိသည့်မြစ်ဖြစ်ကြောင်း သိရသည်။

KKO



# မာလီနိုင်ငံ ငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်ကို ဇွန် ၃၀ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဆုံးသတ်မည်

**နယူးယောက် ဇွန် ၂၈**

ကုလသမဂ္ဂ၏ ၁၀ နှစ်ကြာ မာလီငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်သည် ဇွန် ၃၀ ရက်တွင် အဆုံးသတ်မည် ဖြစ်ကြောင်း သံတမန်များ၏အဆိုကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇွန် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

မာလီငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်ကို အဆုံးသတ်ရေးဆုံးဖြတ်ချက်မူကြမ်းအား ဇွန် ၂၉ ရက်တွင် မဲခွဲအတည်ပြုရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စီစဉ်ထားသည်။

သို့သော် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းအရ မာလီငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်သည် ဇွန် ၃၀ ရက်တွင် အပြီးသတ်ရမည်ဖြစ်ကြောင်း သံတမန်များက ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဆုံးဖြတ်ချက်မူကြမ်းအရ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ မာလီနိုင်ငံမှ ထွက်ခွာရေးအတွက် အချိန်ခြောက်လ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂနှင့်မာလီခေါင်းဆောင်များကြား နှစ်နှင့်ချီ၍ ဆက်ဆံရေးမကျေမလည် ဖြစ်ခဲ့ရပြီးနောက် မာလီငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်ကိုအဆုံးသတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စီစဉ်ထားခြင်းဖြစ်သည်။




၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သော မာလီငြိမ်းချမ်းမှု ထိန်းသိမ်းရေးမစ်ရှင်တွင် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ဦးရေ ၁၃၀၀၀ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

KKO

# အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ် အနည်းဆုံး ၁၀၀ ကျေးကျွန်ပိုင်ရှင်များမှ တိုက်ရိုက်ဆင်းသက်လာဟုဆို

**နယူးယောက် ဇွန် ၂၈**

အမေရိကန်ကွန်ဂရက်လွှတ်တော်အမတ် ၁၀၀ ကျော်တို့မှာ လူမည်းကျေးကျွန်များကို ပိုင်ဆိုင်ခဲ့ကြသူဘိုးဘေးများမှတိုက်ရိုက်ဆင်းသက်လာခဲ့သူများဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

ရိုက်တာသတင်းဌာန၏ စစ်တမ်းအရ ကွန်ဂရက်လွှတ်တော် ဒီမိုကရက်တစ်အမတ် ရှစ်ရာခိုင်နှုန်းနှင့် ရီပတ်ဘလီကန်အမတ် ၂၃ ရာခိုင်နှုန်းတို့မှာ လူမည်းကျေးကျွန်ပိုင်ရှင်များမှ တိုက်ရိုက်ဆင်းသက်လာသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ရှိသမ္မတဂျိုးဘိုင်ဒင်ကိုယ်တိုင်နှင့် သမ္မတဟောင်း ဒေါ်နယ်ထရန့်မှအပ သက်ရှိထင်ရှားရှိနေဆဲ အမေရိကန်သမ္မတဟောင်းအားလုံးတို့မှာလည်း ကျွန်ပိုင်ရှင်ဘိုးဘေးများမှဆင်းသက်လာခြင်းဖြစ်ကြောင်း ရိုက်တာစစ်တမ်း၌ ဖော်ပြထားသည်။

ကျွန်ပိုင်ရှင်များမှ ဆင်းသက်လာသည့် သက်ရှိထင်ရှားရှိဆဲ အမေရိကန်သမ္မတဟောင်းများမှာ သမ္မတဟောင်း ဂျင်မီကာတာ၊ ဂျော့ဒဗလျူဘုရှ်၊ ဘီလ်ကလင်တန်နှင့် ဘာရက်ခ်အိုဘားမားတို့ဖြစ်သည်။

ထို့အတူ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်ပြည်နယ် ၅၀ တို့၌ ပြည်နယ်အုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့သူများအနက် ၁၁ ဦးတို့မှာလည်း လူမည်းကျွန်ပိုင်ရှင်များမှ တိုက်ရိုက်ဆင်းသက်လာသူများဖြစ်ကြသည်။

ထို့ပြင် အမေရိကန်နိုင်ငံရေးခေါင်းဆောင်များ၏ ဘိုးဘေးကျွန်ပိုင်ရှင်များသည် အမေရိကန်ပြည်တွင်းစစ် မဖြစ်ပွားမီကာလက အမေရိက၏ အချမ်းသာဆုံးလူပုဂ္ဂိုလ်များထဲတွင် ပါဝင်ခဲ့ကြောင်း ရိုက်တာစစ်တမ်း၌ဖော်ပြထားသည်။ KKO

# SCIENCE AND TECHNOLOGY

## Space X အာကာသနည်းပညာကုမ္ပဏီက Starship အာကာသဒုံးပျံယာဉ်၏ ဒီဇိုင်းပုံစံကို အပြောင်းအလဲပေါင်း အကြိမ် ၁၀၀၀ ထိပြုလုပ်ထား



**ဝါရှင်တန် ဇွန် ၂၈**

Space X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်၏ ဒီဇိုင်းပုံစံကို အပြောင်းအလဲပေါင်း အကြိမ် ၁၀၀၀ ထိ ပြုလုပ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Space X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံယာဉ်ကို ကမ္ဘာပတ်လမ်းပေါ်သို့ လွှတ်တင်ရေးအတွက် ဒုတိယအကြိမ်မကြိုးပမ်းမီ ဒုံးပျံယာဉ်ဒီဇိုင်းပုံစံကို အပြောင်းအလဲပေါင်း ၁၀၀၀ ကျော်ထိ ပြုလုပ်ထားခြင်းဖြစ်သည်။

Space X အာကာသနည်းပညာကုမ္ပဏီသည် ယခုနှစ် ဧပြီ ၂၀ ရက်တွင် Starship အာကာသဒုံးပျံယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ရန် ကြိုးစားခဲ့ရာ အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

ထိုစဉ်ကာလက Starship အာကာသဒုံးပျံယာဉ်၌ ပြဿနာအများအပြား ပေါ်ထွက်လာခဲ့ရာ မက္ကဆီကိုပင်လယ်ကွေ့အထက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့ရသည်။

Space X အာကာသနည်းပညာကုမ္ပဏီအနေဖြင့် လာမည့် သီတင်းပတ် ခြောက်ပတ်အတွင်း Starship အာကာသဒုံးပျံယာဉ်သစ်ကို ထပ်မံလွှတ်တင်ရန် ကြိုးစားလျက်ရှိသည်။

Space X အာကာသနည်းပညာကုမ္ပဏီသည် လနှင့် အင်္ဂါဂြိုဟ်ပေါ်သို့ လူသားများပို့ဆောင်ရေးရည်ရွယ်ချက်ဖြင့် Starship အာကာသဒုံးပျံယာဉ်ကို တည်ဆောက်စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

KKO

## ယူအယ်လ်အေအာကာသနည်းပညာကုမ္ပဏီက ဗော်လ်ကန်စင်တော်အမည်ရှိ ဒုံးပျံစမ်းသပ်လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထား

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် ယူအယ်လ်အေ အာကာသနည်းပညာကုမ္ပဏီသည် ဗော်လ်ကန်စင်တော်အမည်ရှိ ဒုံးပျံစမ်းသပ်လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ယူအယ်လ်အေကုမ္ပဏီသည် ပစ်လွှတ်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုလအစောပိုင်းတွင် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်း၌ ဗော်လ်ကန်စင်တော်ဒုံးပျံ၏ ဒုံးအင်ဂျင်များကို စမ်းသပ်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်တွင် နည်းပညာပြဿနာတစ်ရပ်ကြောင့် ဗော်လ်ကန်စင်တော်ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးပျံကို ဒုံးပျံထုတ်လုပ်မှုစက်ရုံသို့ ပြန်ပို့ထားကြောင်း ယူအယ်လ်အေကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

ယူအယ်လ်အေ ကုမ္ပဏီသည် ဗော်လ်ကန်စင်တော်ဒုံးပျံကို ပထမဆုံးအကြိမ်အဖြစ် ပစ်လွှတ်နိုင်ရေးအတွက် ကြိုးပမ်းနေသော်လည်း နည်းပညာပြဿနာတစ်ရပ်ကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားရကြောင်း ယူအယ်လ်အေတာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။




ဗော်လ်ကန်စင်တော်ဒုံးပျံသည် ပထမဆုံးမစ်ရှင်တွင် အမေဇုန်ကုမ္ပဏီ၏ ပရောဂျက်ကွိုပါအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက် စမ်းသပ်ဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်သွားမည်ဖြစ်သည်။

ဗော်လ်ကန်စင်တော်ဒုံးပျံလွှတ်တင်နိုင်မည့်အချိန်ကို မကြာမီကာလအတွင်း ယူအယ်လ်အေက ထုတ်ပြန်ပေးဖွယ်ရှိကြောင်း သိရသည်။ KKO

## အရွယ်အစားအားဖြင့် ဘတ်စကား ၁၀ စီးအရွယ်အစားထက်ပိုကြီးမားသော ဂြိုဟ်သိမ်တစ်စင်းက ဇွန် ၂၉ ရက်တွင် ကမ္ဘာမြေကို ဖြတ်ကျော်မည်

**ဝါရှင်တန် ဇွန် ၂၈**

အရွယ်အစားအားဖြင့် ဘတ်စကား ၁၀ စီးအရွယ်အစားထက်ပိုကြီးမားသော ဂြိုဟ်သိမ်တစ်စင်းသည် ဇွန် ၂၉ ရက်တွင် ကမ္ဘာမြေကို ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း The Daily Mail သတင်းစာက ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

2013 WV 44 ဟူ၍ အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်သည် အရွယ်အစားအားဖြင့် အချင်း ၅၂၄ ပေထိရှိကြောင်း အမေရိကန် အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သိမ်သည် ဇွန် ၂၉ ရက်တွင် တစ်နာရီလျှင် မိုင် ၂၆၀၀၀ နှုန်းဖြင့် ကမ္ဘာမြေကို ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း နာဆာအဖွဲ့၏အဆိုအရ သိရသည်။

ကမ္ဘာမြေကို ဖြတ်ကျော်ပျံသန်းချိန်တွင် 2013 WV 44 ဂြိုဟ်သိမ်နှင့် ကမ္ဘာဂြိုဟ်အကြား အကွာအဝေးမှာ မိုင်ပေါင်း ၂ ဒသမ ၁ သန်းထိရှိကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

2013 WV 44 ဂြိုဟ်သိမ်ကို ကမ္ဘာနီးစပ်ဂြိုဟ်သိမ် (NEO) အဖြစ် နာဆာသိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

နေနှင့် မိုင်ပေါင်း ၁၂၀ ဒသမ ၈ သန်းအကွာ၊ ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၇ ဒသမ ၈ သန်းအကွာတွင်ရှိနေသည့် ဂြိုဟ်သိမ်များကို ကမ္ဘာမြေနီးစပ်ဂြိုဟ်သိမ်များအဖြစ် သတ်မှတ်ထားပြီး ၎င်းတို့၏ပတ်လမ်းများကို နာဆာက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ KKO

# HEALTH

## Crapsule အမည်ရှိ ဆေးတစ်မျိုးက အသည်းရောဂါလူနာများအတွက် အလားအလာရှိသည့်ကုထုံးတစ်ရပ်ဖြစ်လာနိုင်

**လန်ဒန် ဇွန် ၂၈**

အစာခြေလမ်းကြောင်းစနစ် စွန့်ပစ်အစာဟောင်းများဖြင့် ဖန်တီးထားသော Crapsule အမည်ရှိ ဆေးတစ်မျိုးသည် အသည်းရောဂါလူနာများအတွက် အလားအလာရှိသည့် ကုထုံးတစ်ရပ်ဖြစ်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် Crapsule အမည်ရှိ အဆိုပါဆေးများ၏အာနိသင်ကို အသည်းရောဂါလူနာများဖြင့် လက်တွေ့စမ်းသပ်နေကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ကနဦးက Crapsule ဆေးကို အသည်းခြောက်ရောဂါလူနာ ၃၂ ဦးတို့ဖြင့် စမ်းသပ်ခဲ့ရာ အလားအလာကောင်းများပေါ်ထွက်လာကြောင်း သိရသည်။

Crapsule ဆေးရယူပြီး သုံးလအကြာတွင် လူနာများ၏ အစာခြေလမ်းကြောင်းစနစ်အတွင်း အကျိုးပြု ဇက်တီးရီးယားများ စုစည်းမှုအဆင့်မြင့်တက်ပြီး သွေးအတွင်း အမိုးနီးယားပါဝင်မှုလည်း လျော့ပါးသွားကြောင်း သိရသည်။

သို့ဖြစ်ရာ ဗြိတိန်သုတေသနပညာရှင်များသည် Crapsule ဆေးဖြင့် အသည်းခြောက်ရောဂါလူနာအများအပြားကို စမ်းသပ်ကုသပေးနေပြီဖြစ်ကြောင်း သိရသည်။

အသည်းခြောက်ရောဂါလူနာများသည် အစာခြေလမ်းကြောင်းစနစ် ဆိုးကျိုးပြုဇက်တီးရီးယားများကြောင့် ကူးစက်ရောဂါများ ခံစားရလွယ်တတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## သွေးတိုးရောဂါလူနာ ၁၀ ဦးလျှင် တစ်ဦးက ကုထုံးယဉ်ပါးသွေးတိုးရောဂါပုံစံကို ခံစားနေရ

**နယူးယောက် ဇွန် ၂၈**

သွေးတိုးရောဂါလူနာ ၁၀ ဦးလျှင် တစ်ဦးမှာ ကုထုံးယဉ်ပါးလာသည့် သွေးတိုးရောဂါပုံစံတစ်မျိုးကို ခံစားနေရကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Apparent Resistant Hypertension(ARH) ခေါ် သွေးတိုးရောဂါပုံစံတစ်မျိုးသည် မျှော်လင့်ထားသည်ထက် ပို၍ အဖြစ်များသည်ကိုတွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် သွေးတိုးရောဂါလူနာ ၂ ဒသမ ၄ သန်းကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ သွေးတိုးရောဂါလူနာ ၁၀ ဦးလျှင် တစ်ဦးမှာ ARH သွေးတိုးလူနာများဖြစ်နေသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ARH သွေးတိုးရောဂါပုံစံသည် ကုထုံးယဉ်ပါးသွေးတိုးရောဂါမျိုးဖြစ်ရာ ၎င်းရောဂါကို ကုသရေးအတွက် လိုအပ်သည့်ဆေးဝါးနှင့် ပြုစုစောင့်ရှောက်မှုများ လိုအပ်ကြောင်း သိရသည်။

သို့ရာတွင် ARH သွေးတိုးရောဂါကို ကောင်းစွာထိန်းထားနိုင်သည့် လူနာများအတွက် Mineralocorticoid Receptor Antagonist(MRA) ခေါ် ကုထုံးမှာ အလုပ်ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်အသင်းက ကင်မင်ဂျေးကို ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုရန်သဘောတူညီမှုရရှိ

**မြူးနစ် ဇွန် ၂၈**

ဘိုင်ယန်မြူးနစ် အသင်းက နာပိုလီအသင်း ဗဟိုခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ကင်မင်ဂျေးကိုခေါ်ယူရန် ဆွေးနွေးခဲ့ရာ နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပြီး ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီပြီးကတည်းက ကင်မင်ဂျေးကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းက ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကာ ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုမည်ဖြစ်သော်လည်း ကိုရီးယားနိုင်ငံသား ကင်မင်ဂျေးအနေဖြင့် နိုင်ငံအတွင်း စစ်သင်တန်းရက်သတ္တ သုံးပတ်တက်ရောက်နေသောကြောင့် ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ အသေးစိတ်ထပ်မံဆွေးနွေးမှုပြုလုပ်နေသည်။

လက်ရှိကလပ်အသင်းနှစ်ခုကြား ဆွေးနွေးမှုတွင် ဘိုင်ယန်မြူးနစ်အသင်းက စစ်မှုထမ်းဆောင်ပြီးမှသာ စာချုပ်ဖျက်သိမ်းကြေးပေး၍ လာမည့် ၂၀၂၈ ခုနှစ်ထိ စာချုပ်ချုပ်ဆိုရန် ဆန္ဒရှိနေသောကြောင့် နာပိုလီအသင်းနှင့် ထပ်မံညှိနှိုင်းမှုပြုလုပ်နေပြီး မကြာမီအသေးစိတ်ထုတ်ပြန်မည်ဖြစ်သည်။

ကင်မင်ဂျေးသည် ပြီးခဲ့သည့်ဘောလုံးရာသီက တူရကီကလပ်ဖီနာဘာချီအသင်းမှ နာပိုလီအသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းဗဟိုခံစစ်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းကိုစီးရီးအေချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်များဖြစ်သည့် မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ကမ်းလှမ်းမှုခံခဲ့ရပြီး ဘိုင်ယန်မြူးနစ်အသင်းကသာ လက်ဦးမှုရယူနိုင်ခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဖရန့်ကက်ဆီကိုရောင်းချရန် ကြေညာထားပြီး ဆော်ဒီအာရေဗျကလပ်အသင်းများ၏ ကမ်းလှမ်းမှုကို စောင့်မျှော်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်းကိုခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှုရရှိခဲ့သော်လည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀ သာပေးချေမည်ဖြစ်သောကြောင့် စပါးအသင်းနှင့်သဘောတူညီမှုရရှိရန် ကြန့်ကြာနေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်ကစားသမား အိုဒရီအိုဇိုလာက အသင်းတွင် ပွဲကစားခွင့်ပျောက်ဆုံးနေသောကြောင့် လာမည့်နွေရာသီတွင် ထွက်ခွာရန်ဆုံးဖြတ်ခဲ့ပြီး ကမ်းလှမ်းလာမည့်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ကွင်းလယ်ကစားသမား ကာမာဗင်ဂါကို ၂၀၂၈ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးခဲ့ပြီး စာချုပ်ဖျက်သိမ်းကြေးကိုလည်း ယူရို တစ်ဘီလီယံသတ်မှတ်ခဲ့ကြောင်း သိရသည်။

ML

# ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲအတွက် ဒီယွန်တေနှင့် အန်ဒီရူဇ်တို့ ဆွေးနွေးမှုပြုလုပ်



**ဝါရှင်တန် ဇွန် ၂၈**

ကမ္ဘာ့ဟဲဗီးဝိတ်တန်းစိန်ခေါ်ပွဲစဉ်အဖြစ် WBA (Super)၊ IBF၊ WBO၊ IBOကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း မက္ကဆီကိုလက်ဝှေ့သမား အန်ဒီရူဇ်နှင့်WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား ဒီယွန်တေတို့ ယှဉ်ပြိုင်ထိုးသတ်သွားရန် ဆွေးနွေးမှုများပြုလုပ်နေသော်လည်း ဒီယွန်တေက ထိုးသတ်ကြေး ၇၀ ရာခိုင်နှုန်း ရယူလိုကြောင်း ကမ်းလှမ်းလာမှုအပေါ် အန်ဒီရူဇ်၏ မန်နေဂျာ ဖခင်ဖြစ်သူက ဝေဖန်မှုပြုလုပ်ခဲ့ကြောင်း Talk Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အန်ဒီရူဇ်သည် ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ် လေးခုထိ ပိုင်ဆိုင်ခဲ့ဖူးသူဖြစ်ပြီး ဒီယွန်တေသည် ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်တစ်ခုသာ ပိုင်ဆိုင်ဖူးသူဖြစ်က ထိုးသတ်ကြေးကို ၇၀ ရာခိုင်နှုန်းထိ ရယူလိုသည်မှာ အန်ဒီရူဇ်အပေါ် လေးစားမှုမရှိသည့်တောင်းဆိုမှုဖြစ်ကြောင်း အန်ဒီရူဇ်၏ဖခင်က ဝေဖန်ခဲ့ပြီး ထိုးသတ်ကြေးအတွက် ၅၀-၅၀ ရာခိုင်နှုန်းခွဲဝေသည့် ကမ်းလှမ်းမှုကိုလက်ခံပါက စိန်ခေါ်ပွဲဖြစ်မြောက်မည်ဖြစ်ကြောင်းလည်း အန်ဒီရူဇ်၏ ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။

အန်ဒီရူဇ်၏ဖခင်ဖြစ်သူ စီနီယာအန်ဒီရူဇ်က "ဒီယွန်တေနဲ့ သူ့ရဲ့နည်းပြက အန်ဒီရူဇ်ကို မမျှတတဲ့ထိုးသတ်ကြေးနဲ့ ထိုးသတ်အောင်လုပ်ဆောင်နေပါတယ်။ အန်ဒီရူဇ်ဆိုတဲ့နာမည်က လူတစ်ယောက်ရဲ့နာမည်ပဲဖြစ်ပေမဲ့ အန်ဒီရူဇ်က ကမ္ဘာ့ချန်ပီယံခါးပတ် လေးခုထိ ပိုင်ဆိုင်ခဲ့ဖူးတဲ့သူပါ။ မက္ကဆီကိုလက်ဝှေ့လောကမှာလဲ ပထမဆုံးသော ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ပါတယ်။ ဒီယွန်တေဟာ အန်ဒီရူဇ်ကို ထိုးသတ်ကြေး ၃၀ ရာခိုင်နှုန်းပဲယူဖို့ကမ်းလှမ်းတာဟာ ရက်စရာကောင်းတဲ့လုပ်ရပ်ပါ။ကျွန်တော်တို့ဘက်ကတော့ ရှင်းရှင်းလေးပဲ။ ထိုးသတ်ကြေးကို ၅၀-၅၀ ရာခိုင်နှုန်းယူမယ်။ လက်ခံရင်လက်ခံပါ။ လက်မခံရင် လဲစိန်ခေါ်ပွဲဖြစ်လာမှာ မဟုတ်ပါဘူး"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မန်ယူအသင်း၏ နွေရာသီပြောင်းရွှေ့ကြေး အသုံးစရိတ်အပေါ် FFP စည်းမျဉ်းနှင့် ကန့်သတ်ခံရ

**မန်ချက်စတာ ဇွန် ၂၈**

မန်ယူအသင်းသည် လာမည့်နွေရာသီတွင် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၂၀၀ ကျော်အသုံးပြုရန် စီစဉ်ထားသော်လည်း ယူအီးအက်ဖ်အေ၏ဝင်ငွေထွက်ငွေမျှတမှုစည်းမျဉ်း(FFP)နှင့် ကိုက်ညီမှုရှိစေရန် ကန့်သတ်ခံခဲ့ရကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်သုံးလတာကာလအတွင်း ဘဏ္ဍာငွေ ၁၁ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့ပြီး စတာလင်ပေါင် သန်း ၁၇၀ ရရှိခဲ့ကာ တစ်နှစ်တာအတွက်ဝင်ငွေစုစုပေါင်း စတာလင်ပေါင် သန်း ၆၃၀ မှ သန်း ၆၄၀ ထိ စံချိန်တင်ရရှိနိုင်မည်ဖြစ်သော်လည်း အသင်းသမိုင်းတစ်လျှောက်တွင် ပြောင်းရွှေ့ကြေးအသုံးစရိတ် အများဆုံးအသုံးပြုထားသည့် ကလပ်အသင်းအဖြစ်ရှိနေသောကြောင့် လာမည့်အပြောင်းအရွှေ့ကာလတွင် အသုံးပြုမည့်အသုံးစရိတ်အပေါ် ယူအီးအက်ဖ်အေ၏ FFP စည်းမျဉ်းနှင့် ကန့်သတ်ခံခဲ့ရကြောင်း သိရသည်။

ထို့ကြောင့် မန်ယူအသင်းသည် ဘဏ္ဍာရေးလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းနိုင်ရန်အတွက် Adidas အားကစားကုမ္ပဏီနှင့်ဂျာစီရင်ဘတ်စပွန်ဆာစာချုပ်သစ် ဆက်လက်ချုပ်ဆိုရန်စီစဉ်နေပြီး လက်ရှိတွင် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် ဂျာစီအသစ်များရောင်းချရန်နီးကပ်နေသောကြောင့် စပွန်ဆာစာချုပ်ကို အမြန်ဆုံးသဘောတူညီမှုရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

မန်ယူအသင်းသည် ၂၀၀၅ ခုနှစ်က ဂလေဇာမိသားစု ပိုင်ဆိုင်ပြီးနောက်ပိုင်း အသင်းအနေဖြင့် အောင်မြင်မှုများနှင့် ဝေးကွာခဲ့ရသည့်အပြင် ပိုင်ရှင်သစ်အနေဖြင့်လည်း အသင်း၏ အနာဂတ်စီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိသောကြောင့် အသင်းပရိသတ်များက အသင်းကိုရောင်းချပေးရန် ဆန္ဒပြကန့်ကွက်မှုများပြုလုပ်နေသဖြင့် ဂလေဇာမိသားစုက အသင်းကိုရောင်းချရန်အတွက် ကာတာစီးပွားရေးလုပ်ငန်းရှင် ရှိတ်ဂျာဆန်နှင့် ဗြိတိန်ဘီလျံနာ ရက်ကလစ်ဖ်တို့နှင့် ဆွေးနွေးမှုပြုလုပ်နေသော်လည်း အောင်မြင်မှုမရသေးကြောင်း သိရသည်။

ML

# ဗီလာရီးရဲလ်အသင်းခံစစ်ကစားသမား ပါအူတောရက်စ်ကိုခေါ်ယူရန် အေဗီလာအသင်း ထပ်မံကြိုးပမ်း

**လန်ဒန် ဇွန် ၂၈**

အေဗီလာအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ခေါ်ယူရန် ကြိုးပမ်းနေသည့် ဗီလာရီးရဲလ်အသင်းမှ ခံစစ်ကစားသမား ပါအူတောရက်စ်ကို ထပ်မံခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှု ရရှိခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ခံစစ်ကစားသမားသည် လာမည့်နွေရာသီတွင် ဗီလာရီးရဲလ်အသင်းမှ ထွက်ခွာ၍ ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားသောကြောင့် အေဗီလာအသင်းနည်းပြ အမ်မရီက ၎င်းနှင့်အတူ လက်တွဲခဲ့ဖူးသည့် တပည့်ဟောင်းကို ပြန်လည်ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ရာ ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရရှိခဲ့သည်။

လက်ရှိတွင် ခံစစ်ကစားသမား ပါအူတောရက်စ်ကို ဘိုင်ယန်မြူးနစ်အသင်း၊ဂျူဗင်တပ်အသင်း၊နာပိုလီအသင်းနှင့် မန်ယူအသင်းတို့က လည်းခေါ်ယူရန် အပြိုင်ကမ်းလှမ်းနေသော်လည်း ဗီလာရီးရဲလ်အသင်းနှင့် ဆက်ဆံရေးကောင်းများရှိနေသည့် နည်းပြအမ်မရီ၏ အေဗီလာအသင်းက ခေါ်ယူနိုင်ရန် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။

သို့သော် အေဗီလာအသင်းသည် ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးအတွက် စတာလင်ပေါင် ၅၅ သန်းကို တစ်လုံးတစ်ခဲတည်းပေးချေရန်အခက်အခဲရှိနေသောကြောင့် အရစ်ကျခွဲပေးရန် ဆွေးနွေးမှုများ ထပ်မံပြုလုပ်လျက်ရှိပြီး ဘီလ်ဘာအိုအသင်းတိုက်စစ်မှူး နစ်ကိုးဝီလျံကိုလည်း ထပ်မံခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

ML



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် ISPEအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်




**ရန်ကုန် ဇွန် ၂၈**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံးခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် မိနစ် ၂၀တွင် နိုင်နိုင်ကျော်က ISPE အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရတနာပုံအက်ဖ်စီအသင်း၏ ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၆မိနစ်တွင် သိုင်းဘွဲ့အောင်က ရတနာပုံအက်ဖ်စီအသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီးလက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံးအနိုင်ဂိုးများအတွက် အခွင့်အရေးများရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းမသေချာမှုများနှင့်အတူ နှစ်ဖက်အသင်းဂိုးသမားများ လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုများကြောင့် ပွဲပြီးဆုံးချိန်ထိဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ရတနာပုံအက်ဖ်စီအသင်းဂိုးသမား ပြည့်ဖြိုးသူက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Eastbourne International ပြိုင်ပွဲ ဒုတိယအဆင့်သို့ ကျန်းကျိုကျန် တက်ရောက်

**လန်ဒန် ဇွန် ၂၈**

အင်္ဂလန်နိုင်ငံတွင် ကျင်းပနေသည့် Eastbourne International တင်းနစ်ပြိုင်ပွဲပထမအဆင့်ပွဲစဉ်အဖြစ် တရုတ်တင်းနစ်ကစားသမား ကျန်းကျိုကျန်နှင့် အီတလီတင်းနစ်ကစားသမား ဆိုနီဂိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကျန်းကျိုကျန်က (၇-၆၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း CGTN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆိုနီဂိုသည် ဗိုလ်စွဲရန်ရေပန်းစားနေသော ကစားသမားစာရင်းတွင် ပါဝင်နေသူတစ်ဦးဖြစ်ပြီး ကျန်းကျိုကျန်သည် အကောင်းဆုံးပုံစံဖြင့် ဆိုနီဂိုကို အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် ယခုနှစ်အတွင်းစွမ်းဆောင်ရည်ပိုင်းမြင့်တက်လာခဲ့ကာ ကမ္ဘာ့အဆင့် ၅၄ နေရာထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

ဆိုနီဂိုသည် ၂၀၂၂ ခုနှစ်တွင် စွမ်းဆောင်ရည်ပိုင်းနှင့် ရလဒ်ပိုင်းကောင်းမွန်ခဲ့သော်လည်း ယခုနှစ်တွင် ပုံစံကောင်းပျောက်ဆုံးနေပြီး လက်ရှိတွင် ကမ္ဘာ့အဆင့် ၄၀ ထိ ကျဆင်းလာခဲ့ရကာ ယခုအခါတွင်လည်း အဖွင့်ပွဲစဉ်ရှုံးနိမ့်ခဲ့သည့်အတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ထပ်မံကျဆင်းဖွယ်ရှိနေသည်။

ကျန်းကျိုကျန်နှင့် ဆိုနီဂိုတို့ပွဲစဉ်တွင် ပွဲကစားချိန် ၁ နာရီ ၄၉ မိနစ်ထိကြာမြင့်ခဲ့ပြီး ကျန်းကျိုကျန်သည် ပထမပွဲငယ်တွင် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး နောက်မှလိုက်ကစားခဲ့ရသော်လည်း ဆိုနီဂို၏ အမှားများကို အကောင်းဆုံးအသုံးချကာ အနိုင်ရလဒ်ကိုစွမ်းဆောင်နိုင်ခဲ့ပြီး ဒုတိယပွဲငယ်တွင် ကျန်းကျိုကျန်သည် ပထမပွဲငယ်ထက်ကစားပုံပိုမိုကောင်းမွန်ခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

AZL



# Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲ အိမ်ရှင်ရွေးချယ်မှုတွင် ၂၀၂၈ ခုနှစ်အိမ်ရှင်အဖြစ် ဩစတြေးလျနိုင်ငံ ရွေးချယ်ခံရ

**မဲလ်ဘုန်း ဇွန် ၂၈**

ဂေါက်သီးရိုက်လောက၏အရှိန်အဝါရှိသည့် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရန်အိမ်ရှင်အဖြစ် ရွေးချယ်မှုပြုလုပ်ခဲ့ရာ ၂၀၂၈ ခုနှစ်အတွက် အိမ်ရှင်ကို ဩစတြေးလျနိုင်ငံက ရွေးချယ်ခံခဲ့ရကြောင်း PGA Tour က ထုတ်ပြန်ကြေညာခဲ့သည်ဟု Sportsnaut သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲသည် နှစ်နှစ်လျှင်တစ်ကြိမ်ကျင်းပသည့် ပြိုင်ပွဲဖြစ်ပြီး US Team နှင့် International Team တို့ ယှဉ်ပြိုင်ကစားခဲ့ကာ ၂၀၂၆ ခုနှစ်ထိ အိမ်ရှင်ရွေးချယ်ထားပြီးဖြစ်သလို ၂၀၂၈ ခုနှစ်နှင့် ၂၀၃၀ ပြည့်နှစ်အတွက် အိမ်ရှင်ရွေးချယ်မှု ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၄ ခုနှစ် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ကနေဒါနိုင်ငံ မွန်ထရီရယ်လ်မြို့တွင်လည်းကောင်း၊ ၂၀၂၆ ခုနှစ် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ်တွင်လည်းကောင်းအသီးသီးကျင်းပသွားမည်ဖြစ်သည်။

၂၀၂၈ ခုနှစ် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်တွင်ကျင်းပသွားမည်ဖြစ်ကြောင်း PGA Tour က ထုတ်ပြန်ကြေညာခဲ့သည်။

ဩစတြေးလျနိုင်ငံသည် Presidents Cup ဂေါက်သီးရိုက်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် ၁၉၉၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်ကတစ်ကြိမ်၊ ၂၀၁၉ ခုနှစ်ကတစ်ကြိမ်ကျင်းပနိုင်ခဲ့ပြီး ဩစတြေးလျနိုင်ငံတွင်ကျင်းပခဲ့သည့်သုံးကြိမ်တွင် US Team က နှစ်ကြိမ်၊ International Team က တစ်ကြိမ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

AZL

# ကွာရာဒိုအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဟု ဂျူဗင်တပ်အသင်းကြေညာ

**ရောမ ဇွန် ၂၈**

ဂျူဗင်တပ်အသင်းက အသင်းမှ တောင်ပံကစားသမား ကွာရာဒိုအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီးနောက် လက်ရှိ နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဟုအတည်ပြုကြေညာခဲ့ကြောင်း Footballitalia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၆ နှစ်ရှိ ကွာရာဒိုသည် ၂၀၁၅ ခုနှစ်က ဗီအိုရင်တီနားအသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ချဲလ်ဆီးအသင်းတွင် ကစားခွင့်အနည်းငယ်သာရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင်ပင် ချဲလ်ဆီးအသင်းမှ ဂျူဗင်တပ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ကစားခဲ့သူဖြစ်သည်။

ထို့နောက် ဂျူဗင်တပ်အသင်းတွင် အငှားစာချုပ်ဖြင့် နှစ်ရာသီကြာအငှားစာချုပ်ဖြင့်ကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကအပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ကာ အသင်းနှင့် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သောကြောင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် အစောပိုင်းက ကွာရာဒိုကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ပြင်ဆင်ထားသော်လည်း အသင်းဘဏ္ဍာရေးအကျပ်အတည်းကြုံတွေ့နေရသည့်အတွက် သက်တမ်းတိုး စာချုပ်ချုပ်ဆိုမည်မဟုတ်တော့ဘဲ အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ကွာရာဒိုသည် ဂျူဗင်တပ်အသင်းတွင် ၂၀၁၅ ခုနှစ်မှ စတင်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီထိ ပြိုင်ပွဲစုံပွဲပေါင်း ၃၁၄ ပွဲထိ ကစားခဲ့ပြီး ၂၆ ဂိုးသွင်းယူနိုင်ခဲ့သည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည့် ကွာရာဒိုကို ဆော်ဒီကလပ် အသင်းများက ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

STA

# ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ကာစီဒိုကို စတာလင်ပေါင် သန်း ၈၀ ဖြင့် ကမ်းလှမ်းရန်ပြင်ဆင်




**လန်ဒန် ဇွန် ၂၈**

ချဲလ်ဆီးအသင်းက ဘရိုက်တန်အသင်းမှ ကွင်းလယ်ကစားသမား ကာစီဒိုကို ခေါ်ယူရန် ကစားသမားနှင့်ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိခဲ့ပြီးနောက် ဘရိုက်တန်အသင်းထံ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ဖြင့် ကမ်းလှမ်းရန်အတွက် ပြင်ဆင်လျက်ရှိနေသည်ဟု Football London သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အပြောင်းအရွှေ့ကာလနှစ်ခုတွင် ပြောင်းရွှေ့ကြေးအသုံးစရိတ်စတာလင်ပေါင် သန်း ၆၅၀ခန့်ထိ အသုံးပြုခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ဘဲ ဥရောပဝင်ခွင့်နှင့်ပါ လွဲချော်ခဲ့သောကြောင့် လာမည့် ဘောလုံးရာသီအတွက် ကြီးကြီးမားမား အပြောင်းအလဲ ပြုလုပ်ရန်ပြင်ဆင်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အသင်းကွင်းလယ်ပိုင်းတွင် ပြီးခဲ့သည့်ရာသီက ဂျော်ဂျင်ဟိုထွက်ခွာခဲ့သကဲ့သို့ ကန်တီကိုလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ထားကာ ကိုဗာဆစ်ကိုလည်း မန်စီးတီးအသင်းထံရောင်းချထားသည့်အတွက် အသင်းကွင်းလယ်ပိုင်းကို မဖြစ်မနေအင်အားဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် အစောပိုင်းကလည်း ကာစီဒိုကို ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်ပြီး ကာစီဒိုကိုယ်တိုင်ကလည်း ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားလိုနေသည့်အတွက် လက်ရှိတွင် ပုဂ္ဂိုလ်ရေးအရသဘောတူညီမှုရရှိထားပြီး မကြာမီ ဘရိုက်တန်အသင်းထံ တရားဝင်ကမ်းလှမ်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ကာစီဒိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘရိုက်တန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ထိပ်တန်းအသင်းကြီးများက ပစ်မှတ်ထားနေပြီး လက်ရှိချဲလ်ဆီးအသင်းအပြင် မန်ယူအသင်းကလည်းခေါ်ယူရန်ကြိုးပမ်းနေသောကြောင့် ချဲလ်ဆီးအသင်းက လက်ဦးမှုရယူနိုင်ရန်အတွက်မကြာမီကမ်းလှမ်းမှုပြုလုပ်ရန်ပြင်ဆင်နေပြီး ဘရိုက်တန်အသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၁၀၀ထိ အလိုရှိနေကြောင်း သိရသည်။ STA

# မြောက်ဥက္ကလာပမြို့နယ် မွန်မြတ်စိတ်ထားတွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ အမေများအဖွဲ့ လာရောက်ဖျော်ဖြေခဲ့



**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ အမေများအဖွဲ့ လာရောက်ဖျော်ဖြေခဲ့ကြောင်း အမေများအဖွဲ့မှ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း ဦးဆောင်သည့် အမေများအဖွဲ့က ဘိုးဘွားများ စိတ်အပန်းဖြေစေရန် ဇွန် ၂၇ ရက်က လာရောက် ဖျော်ဖြေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုးဘွားတွေ စိတ်အပန်းဖြေစေဖို့ တတ်တဲ့အနုပညာနဲ့ဖျော်ဖြေတာဖြစ်သလို အနုပညာနဲ့ ပူဇော်တယ်လို့ ပြောလို့ရပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်ကာလကလဲ တစ်ကြိမ် ဖျော်ဖြေခဲ့ပြီးပါပြီ။ အခုဘိုးဘွားတွေကို ဒုတိယအကြိမ် ထပ်မံဖျော်ဖြေပေးတာဖြစ်ပါတယ်။ အမေများအဖွဲ့အနေနဲ့ မွန်မြတ်စိတ်ထားတွယ်ရာမဲ့ဘိုးဘွားရိပ်သာကို လာရောက်ကပြ ဖျော်ဖြေခွင့်ရတဲ့အတွက် စိတ်ပျော်ရွှင်ပီတိဖြစ်ကြတယ်။ သူတို့လဲ စိတ်ကျေနပ်ပျော်နေကြတာ တွေ့ရပါတယ်"ဟု အမေများအဖွဲ့မှ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြသည်။

တစ်ချိန်က နာမည်ကြီးအနုပညာရှင်များဖြင့် စုစည်းထားသည့် အမေများအဖွဲ့တွင် ဦးဆောင်သူ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း၊ မတူး၊ စီစီသိန်း၊ ဌေးဌေးစိန် စသည့် အနုပညာရှင် ၁၅ ဦးခန့် ပါဝင်ကြောင်း သိရသည်။

ASH

# The Little Mermaid ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၅၀၀ ကျော်ရှိလာ

**နယူးယောက် ဇွန် ၂၈**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ The Little Mermaid ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိလာပြီဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

အဆိုပါဇာတ်ကားသည် ဇွန် ၂၅ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၇၀ နှင့် နိုင်ငံတကာဈေးကွက်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၂၉ သန်းရရှိထားပြီး ဇွန် ၂၆ ရက်တွင် ၎င်းဇာတ်ကား၏ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

The Little Mermaid ဇာတ်ကားသည် The Little Mermaid(1989) အင်နီမေးရှင်းကာတွန်းဇာတ်ကားကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး The Little Mermaid ဇာတ်ကားတွင် မင်းသမီး ဟောလ်ဘီလီက အဓိကဇာတ်ကောင်အဖြစ် သရုပ်ဆောင်ထားသည်။

The Little Mermaid ဇာတ်ကားကို ဒါရိုက်တာ ရော့မာရှယ်က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ပြီး ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် အဆိုပါဇာတ်ကားကို မေ ၂၆ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO




# ကျွန်မ ဇာတ်ပို့မ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းကို Love TV Online Channel မှ ထုတ်လွှင့်မည်

**ရန်ကုန် ဇွန် ၂၈**

Skin & Bling Aesthetic မှ ရိုက်ကူးထုတ်လုပ်သည့် ကျွန်မဇာတ်ပို့မ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းကို ဇွန်လကုန်တွင် Love TV Online Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ မင်းဆက်သစ်က ပြောပြ၍ သိရသည်။

ကျွန်မ ဇာတ်ပို့မ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်း၏ အဓိကသရုပ်ဆောင်ဖြစ်သူ သရုပ်ဆောင် နှိုင်းယှဉ်မြင့်မိုရ် ဖြတ်သန်းခဲ့ရသည့် ဇာတ်ပို့ဘဝ တစ်စိတ်တစ်ဒေသဖြစ်ပြီး အမျိုးသမီး ဇာတ်ပို့ဇာတ်ရံအများစု ဖြတ်သန်းကြုံတွေ့ရသော အတွေ့အကြုံများလည်းဖြစ်ကြောင်း သိရသည်။

"ကျွန်မ ဇာတ်ပို့မ ဇာတ်လမ်းက မနှိုင်းယှဉ်မြင့်မိုရ်ရဲ့ ဇာတ်ပို့ဘဝ ဖြတ်သန်းမှု ဖြစ်ရပ်မှန်တွေအကြောင်း မှတ်တမ်းရုပ်ရှင်အနေနဲ့ ရိုက်ကူးထားတာပါ။ သူတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ဇာတ်ပို့ဇာတ်ရံအမျိုးသမီး၊ အမျိုးသားတွေ အများစုဖြတ်သန်းခဲ့ရတဲ့ ရုပ်ရှင်ဗီဒီယိုလောကထဲက တကယ့်ဖြစ်ရပ်တွေပါပဲ။ ဒီဘက်ခေတ်မှာတော့ ဒီလိုခွဲခြားဆက်ဆံတာတွေ သိပ်မတွေ့ရတော့ပါဘူး။ အားလုံးဟာ ဇာတ်ပို့ဇာတ်ရံမဟုတ်တော့ဘဲ သရုပ်ဆောင်ဆိုတဲ့ လမ်းကြောင်းပေါ် ရောက်သွားပါပြီ။ ဒါပေမဲ့ ဒီလိုခွဲခြားဆက်ဆံခံရတာ အနိုင်ကျင့်ခံရတာမျိုးတွေရှိခဲ့တယ်ဆိုတာကို ပြောချင်တာပါ" ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။




Love TV Online Channel မှထုတ်လွှင့်သွားမည့် ကျွန်မဇာတ်ပို့မ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းကို ဇာတ်လမ်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာအဖြစ် မင်းဆက်သစ်က ဖန်တီးပုံဖော်ထားခြင်းဖြစ်ကာ သရုပ်ဆောင် နှိုင်းယှဉ်မြင့်မိုရ်၊ အိရွှန်းမဒီ၊ ချောကလျာ၊ မျိုးကိုနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားပြီး Skin & Bling Aesthetic ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းသည် အချိန် တစ်နာရီကျော်ကြာမြင့်မည်ဖြစ်ကာ တစ်ပိုင်းတည်းအပြီးပြသမည့် ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

ASH

# Skincare လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အဲလစ်ဘေတ်ဘန့် ပါဝင်ထား

**နယူးယောက် ဇွန် ၂၈**

Skincare အမည်ရှိ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသမီး အဲလစ်ဇဘတ်ဘန့် ပါဝင်သရုပ်ဆောင်ထားကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဇွန် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Skincare ဇာတ်ကားမှာ ထုတ်လုပ်မှုအဆင့်ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားကို ဒါရိုက်တာ အော်စတင်ပီတာက တာဝန်ယူရိုက်ကူးပေးထားခြင်းဖြစ်ပြီး ဇာတ်လမ်း ဇာတ်အိမ် အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

Skincare ဇာတ်ကားသည် ဒါရိုက်တာ အော်စတင်ပီတာအတွက် ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒီအားရင်းရိုဂင်နှင့် ဆမ်ဖရိုင်းလစ်တို့က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး အဲလစ်ဇဘတ်ဘန့်နှင့်အတူ မင်းသား လူးဝစ်ပူးမင်း၊ မင်းသမီး မစ်ခေလာ ဂျေးရှိဒရီဂတ်တို့ ပါဝင်ထားကြောင်း၊ လက်ရှိတွင် Skincare ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO



# တာမွေမြို့နယ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင် မြန်မာ့ဂီတနေ့ ကျင်းပ

**ရန်ကုန် ဇွန် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)တွင် မြန်မာ့ဂီတနေ့ကို ဇွန် ၂၇ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ပြန်ကြားရေးဌာနမှ တွဲဖက်ပြန်ကြားရေးမှူး အကော်ဒီယံ ဦးအောင်မင်းနိုင်က ပြောပြ၍ သိရသည်။

မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ဂီတနေ့အခမ်းအနားနှင့် မြန်မာ့ဂီတနေ့အထိမ်းအမှတ် ဂီတဖျော်ဖြေရေးအစီအစဉ်များကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အနေဖြင့် နှစ်စဉ်ကျင်းပပြီး ရန်ကုန်တိုင်းဒေသကြီးရှိ ဂီတအလွှာအသီးသီးမှ အစည်းအရုံးဝင် ဂီတညီအစ်ကိုမောင်နှမများ စုံညီစွာ တက်ရောက်သီဆိုဖျော်ဖြေကြောင်း သိရသည်။

"အခုနှစ်ကတော့ မြန်မာ့ဂီတနေ့အထိမ်းအမှတ် အခမ်းအနားတွေကို မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)မှာလဲ ကျင်းပသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလဲ သူ့အစီအစဉ်နဲ့သူ ဇွန် ၁ ရက်ကတည်းက စတင်ကျင်းပနေကြပါတယ်။ ဂီတအစည်းအရုံး (ဗဟို)မှာတော့ ဂီတညီအစ်ကိုမောင်နှမတွေ စုံစုံလင်လင်နဲ့ ဆင်နွှဲခဲ့ပါတယ်။ သက်ကြီးဂီတမိဘတွေလဲ တက်ရောက်ခဲ့ပါတယ်"ဟု အကော်ဒီယံ ဦးအောင်မင်းနိုင်က ပြောပြသည်။

အဆိုပါအခမ်းအနားသို့ အဆိုတော် ကျော်စိုးဦး၊ မောင်မောင်ထိပ်၊ ခင်ညွန့်ညွန့်သန်း၊ တက္ကသိုလ်လဲ့လဲ့၊ သီသီမာ၊ ရီရီမင်း၊ အိန္ဒြာမိုး စသည့် ဂီတပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယခင်နှစ်က မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ဂီတနေ့အခမ်းအနားနှင့် မြန်မာ့ဂီတနေ့ အထိမ်းအမှတ် ဂီတဖျော်ဖြေရေး အစီအစဉ်များကို မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)အနေဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်တိုင်းဒေသကြီး)တွင် ပြုလုပ်ခဲ့ပြီး ၎င်းအစီအစဉ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

ASH

# Ceremony to convey Buddha Image to Maravijaya Temple and Naungdawgyi Buddha Image to Sasana Beikman Agga Dipati Visongama Ordination Hall held



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to the Buddha image.

**Nay Pyi Taw June 28**

Ceremony to convey a Buddha Image to Maravijaya Temple in Maravijaya Buddha Park, Dekkhinathiri Township, Nay Pyi Taw, Union Territory, where the Maravijaya Buddha Image is under construction, and Naungdawgyi Buddha Image to Sasana Beikman Agga Dipati Visongama Ordination Hall was held this morning, attending by main donor Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.



Senior General Min Aung Hlaing and Daw Kyu Kyu Hla pay homage to the Buddha image.

Present to pay homage to the Buddha images together with the Senior General were his wife, Daw Kyu Kyu Hla, SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, Union Minister for Construction U Myo Thant, Nay Pyi Taw Council Chair U Tin Oo Lwin and wife, the Commander-in-Chief (Navy) and wife, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, officials and members of religious associations.

The ceremony to convey the Buddha Image to Maravijaya Temple donated by the main donor Senior General and wife and family was opened by reciting namotassa three times. The congregation led by the Senior General recited religious verses three times and dispensed metta.

The master of ceremonies read out Mingala Akhadaw, and at the auspicious time, the Senior General put the Buddha Image to the Yadana Throne by pushing the auspicious button. The Senior General and attendees sprinkled scented holy water on the Image and recited religious verses to mark the success of the ceremony. Merits gained were shared.

Afterwards, the ceremony to convey Naungdawgyi Buddha Image to Sasana Beikman Agga Dipati Visongama Ordination Hall was opened by reciting namotassa three times. The congregation led by the Senior General and wife recited religious verses and dispensed metta. The MC read out the Maravijaya Buddha Puja Vandanapakama Asisa and Mingala Akhadaw, and at the auspicious time, the Senior General put the Buddha Image onto the throne in the ordination hall by pushing the auspicious button.



Senior General Min Aung Hlaing sprinkles scented water on the Buddha image.

The Senior General and attendees sprinkled scented holy water on the Image. Religious verses were recited to mark the success of the ceremony. Merits gained were shared. The ceremony was concluded by reciting Buddha sasanam ciratithatu three times. The Senior General and wife threw confetti to mark the success of the ceremony.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives Ambassador of Russian Federation before departure from Myanmar after completion of his tour of duty


Vice-Senior General Soe Win receives H.E. Dr. Nikolay Listopadov, Ambassador of the Russian Federation to Myanmar.

**Nay Pyi Taw January 28**

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win received H.E. Dr. Nikolay Listopadov, Ambassador of the Russian Federation to Myanmar, who is going to leave the country as he has completed his tour of duty at the Credentials Hall of the SAC Chairman's Office here this afternoon.

During the call, the Vice-Senior General said he was glad that the Russian Ambassador received a Wunna Kyawhtin title presented by the SAC Chairman for his diligent work and achievements in promoting the bilateral relations and cooperation during the seven years of his tenure as Ambassador from 2016 to date.

Next, the Vice-Senior General and the Russian Ambassador cordially discussed promotion of the bilateral amicability and cooperation, further strengthening of the cooperation between the two governments and the two militaries, further cementing of the cooperation in multiple sectors and exchange of assistance between Myanmar and Russia in the international arena as both are the friendliest countries. Then, they exchanged gifts and posed for a documentary photo.

Also present at the call together with the Vice-Senior General were Deputy Minister for Foreign Affairs U Kyaw Myo Htut and officials. 100

# BGFs taken by KNDF, KNPP terrorist armed organizations in Pantain, Sukpaing recaptured


Those displaced by the occupation of KNDF and KNPP being encouraged at the monastery.


The commanding officer's office seen after Border Guard Force No. 1005 in Sukpaing region occupied by KNDF and KNPP has been recaptured.


Tatmadaw members pay homage to the Sayadaw of Shwe Kyaung Monastery.



The checkpoints of the terrorists seen after the border guard forces in Pantain and Sukpaing regions occupied by KNDF and KNPP have been recaptured.

**Nay Pyi Taw January 28**

As Taung Hla, Maetanwe, BP-14, Maese and Nampaung outposts providing security for border areas and local residents in Kayah State came under massive attacks of KNDF and KNPP terrorist armed organizations from 13 to 19 June, fierce clashes with security forces broke out and communications with No. (1004) Border Guard Force in Pantain under the command of the Tatmadaw were cut off.

In the morning on 17 June, communications with a Tatmadaw officer who was performing duties at No. (1004) BGF were restored and according to his reports, it was learnt that some transformed members of No. (1004) BGF had betrayed the State and the Tatmadaw by launching a rebellion and joined with KNPP and KNDF terrorist armed organizations together with weapons and ammunition armed by the Tatmadaw and that Tatmadaw personnel, who were performing duties at the BGF, and their families were being detained at respective offices and buildings.

In the same morning, the Tatmadaw units advanced on No. (1004) BGF by deploying airborne units and employing commando tactics and seized control of it with air and artillery support in the afternoon before rescuing detained personnel and their families and transporting them to a safe haven by helicopter.

Similarly, communications with No. (1005) BGF in Sukpaing were lost on 17 June and the Tatmadaw had planned to send airborne units to the BGF but it was impossible to do so due to bad weather. As a result, commando units had to advance on No. (1005) BGF phase by phase to launch attacks and recaptured the it in the evening of 27 June. When No. (1005) was recaptured, Tatmadaw officers and other ranks and families, who were performing duties there, had disappeared and search and rescue operations have been launched to save them as soon as possible.

In recapturing Nos. (1004) and (1005) BGFs, clashes broke out and 41 assorted weapons, 927 rounds of assorted ammunition, 28 grenades of various kinds and weapon accessories were seized from them while some officers and other ranks suffered casualties.

The Tatmadaw is taking measures to recapture some outposts in Maese taken by KNDF and KNPP terrorist armed organization as soon as possbile. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Raytheon ကုမ္ပဏီက သြစတြေးလျနိုင်ငံ၏ အနာဂတ်တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ကို စမ်းသပ်ပျံသန်းခဲ့



Raytheon Australia ကုမ္ပဏီသည် မကြာသေးမီက သြစတြေးလျနိုင်ငံ၏ အနာဂတ် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးစနစ်ကို စမ်းသပ်ပျံသန်းမှု တစ်ရပ်ပြုလုပ်ခဲ့ကြောင်း https://www.thedefensepost.com သတင်းဌာနက ဇွန် ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Raytheon ကုမ္ပဏီသည် သြစတြေးလျနိုင်ငံတောင်ပိုင်းရှိ Woomera Test Range စမ်းသပ်ရေးကွင်းတွင် Short Range Ground Based Air Defense (SRGBAD) တာတိုပစ်မြေပြင်အခြေစိုက် လက်နက်စနစ်ကို စမ်းသပ်ခဲ့ခြင်းဖြစ်ပြီး လက်နက်စနစ်၏ နည်းပညာအချက်အလက်ပိုင်းဆိုင်ရာတိကျမှုနှင့် စွမ်းဆောင်ရည်ကို အတည်ပြုနိုင်ခဲ့သည်။ အဆိုပါစမ်းသပ်မှုသည် စနစ်၏ရှာဖွေထောက်လှမ်းမှု၊ ခြေရာခံထိန်းကျောင်းမှု၊ ပစ်မှတ်များဆီသို့ ဒုံးကျည်များ ထိန်းကျောင်းတိုက်ပွဲဝင်နိုင်မှုတို့ကို အတည်ပြုပေးနိုင်ခဲ့ကြောင်း Raytheon ကုမ္ပဏီက ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏ စက်မှုလုပ်ငန်းလုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့သည် ဖောက်သည်နိုင်ငံများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ကာကွယ်ရေးကဏ္ဍတွင် စွမ်းဆောင်နိုင်မှုပါတနာအဖြစ် Raytheon Australia ၏အခန်းကဏ္ဍကိုလည်း အားဖြည့်ပေးနေခြင်းဖြစ်ကြောင်း Raytheon Australia မှ အကြီးတန်းပရိုဂရမ်မန်နေဂျာ Paul Szoboszlay က ပြောကြားခဲ့သည်။

မြေပြင်အခြေစိုက် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ် SRGBAD သည် သြစတြေးလျနိုင်ငံကာကွယ်ရေးတပ်ဖွဲ့၏ ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးအစီအစဉ်အတွက် သြစတြေးလျကြည်းတပ်၏ ပါဝင်ပံ့ပိုးမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ သြစတြေးလျဒေါ်လာ နှစ်ဘီလီယံ (ကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံ) တန်ကြေးရှိသောအဆိုပါစနစ်သည် နိုင်ငံ၏ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစွမ်းရည်၏ အတွင်းအကျဆုံးအလွှာကို ကာကွယ်စောင့်ရှောက်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

အဆင့်မြင့်မြေပြင်မှ ဝေဟင်ပစ်ဒုံးလက်နက်စနစ် National Advanced Surface to Air Missile System (NASAMS)၏ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အမျိုးအစား SRGBAD သည် သြစတြေးလျ၏ ဆယ်စုနှစ် သုံးဆယ်ကျော်အသုံးပြုခဲ့ပြီးသော RBS-70 တာတိုပစ်လေကာစနစ်များကို အစားထိုးဖြန့်ကြက်သွားမည်ဖြစ်သည်။ အလွန်တိုတောင်းသောအကွာအဝေးအတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်သည့် ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးစနစ်သည် လာမည့်ဆယ်စုနှစ်အစောပိုင်းတွင် တပ်တော်ဝင်အသုံးပြုမှုမှ ရပ်နားတော့မည်ဖြစ်သည်။

NASAMS လက်နက်စနစ်သည် AIM-9X နှင့် AMRAAM ဒုံးကျည်အမျိုးအစားများကို တပ်ဆင်ပစ်လွှတ်နိုင်ပြီး အကွာအဝေး ၂၂ မိုင် (၃၄ ကီလိုမီတာ)နှင့် မိုင် ၁၀၀ (၁၆၀ ကီလိုမီတာ) အသီးသီးတိုက်ပွဲဝင်နိုင်သောဒုံးကျည်များလည်းဖြစ်သည်။ RBS-70 ပခုံးထမ်းဒုံးကျည်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် RBS-70 သည် အများဆုံး အကွာအဝေး ငါးမိုင် (ကိုးကီလိုမီတာ)ထိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း တွေ့ရမည်ဖြစ်သည်။

ကျွန်ုပ်တို့တပ်ဖွဲ့များအား ပိုမိုခေတ်မီဆန်းပြားသော လေကြောင်းခြိမ်းခြောက်မှုရန်များမှကာကွယ်ရန် ခေတ်မီပြီး မြေပြင်အခြေစိုက် ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ရပ်လိုအပ်ကြောင်း ကာကွယ်ရေးဝန်ကြီးဟောင်း Marise Payne က ၂၀၁၇ ခုနှစ်တွင် စီမံကိန်းကြေညာစဉ်အချိန်က ပြောကြားထားခဲ့သည်။

**Raytheon Tests Australia's Future Short Range Air Defense System ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဇူလိုင်လတွင် စတင်နိုင်လိမ့်မည်ဟု ARD ပြောကြား

ယူကရိန်းပဋိပက္ခနှင့် ပတ်သက်ပြီး ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများကို လာမည့် ဇူလိုင်လအစောပိုင်းတွင် စတင်နိုင်လိမ့်မည်ဟု ဂျာမနီနိုင်ငံအစိုးရပိုင်ရုပ်သံလိုင်း ARD က ပြောကြားလိုက်သည်။ ရုပ်သံလွှင့်ဌာန၏အဆိုအရ ကမ္ဘာ့အင်အားကြီးနိုင်ငံအများအပြားမှ အကြီးတန်းအရာရှိများသည် အဆိုပါကိစ္စကို ဆွေးနွေးရန် ဒိန်းမတ်မြို့တော် ကိုပင်ဟေဂင်မြို့တွင် ပြီးခဲ့သည့်သီတင်းပတ်က အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က အဆိုပါအစည်းအဝေးတွင် ဂုဏ်သရေရှိလူကြီးမင်းများပါဝင်ခဲ့ကြောင်း ARD က ဇွန် ၂၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ တရုတ်၊ အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိကနိုင်ငံတို့ကဲ့သို့ ကြားနေနိုင်ငံများ၏အထောက်အပံ့ကို အာမခံချက်ရရှိရန်ဖြစ်သည်။

အဆင့်မြင့်အစည်းအဝေးသည် အမှန်တကယ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများဆီသို့ ဦးတည်လုပ်ဆောင်နိုင်ရန် အဓိကအရေးပါသော ကနဦးအစပြုမှုကို ကိုယ်စားပြုကြောင်း ARD ရုပ်သံက ပြောကြားခဲ့သည်။ ဘရပ်ဆဲလ်ဗျူရို (ဥရောပပြည်သူ့ရေးရာအတိုင်ပင်ခံအဖွဲ့)ထံမှ သတင်းအချက်အလက်များအပေါ် ကိုးကား၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် ဇူလိုင်လ အစောပိုင်းတွင် စတင်နိုင်လိမ့်မည်ဟု ထုတ်လွှင့်ပြောကြားသွားခဲ့ခြင်းလည်းဖြစ်သည်။

ပြီးခဲ့သည့် ဇွန် ၂၂ ရက်တွင် Financial Times သတင်းဌာနက Sullivan အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ Victoria Nuland နှင့်အတူ ယူကရိန်း၏တောင်းဆိုချက်အရ သံတမန်ရေးရာထိုးစစ်ကို ဦးဆောင်ပြုလုပ်သွားမည်ဟု ပြောကြားခဲ့သည်။ ၎င်းတို့၏ရည်မှန်းချက်မှာ ကမ္ဘာ့တောင်ခြမ်းမှ အင်အားကြီးနိုင်ငံများကို ရုရှားနှင့် ၎င်းတို့၏ဆက်ဆံရေး လျော့ပါးသွားစေရေး စည်းရုံးသိမ်းသွင်းရန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ တာဝန်ရှိသူများက ငြိမ်းချမ်းရေးကြိုးပမ်းမှုများ အောင်မြင်မည်ဟုယုံကြည်မှုမရှိကြောင်း FT သတင်းဌာနက ပြောကြားခဲ့သည်။ အနောက်နိုင်ငံများ၏ ရပ်တည်ချက်ကို ကျန်ကမ္ဘာက မယုံကြည်ကြောင်း အမည်မဖော်လိုသည့် ဥရောပအရာရှိတစ်ဦးကို ကိုးကားဖော်ပြခဲ့သည်။

ဘရာဇီး၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့သည် BRICS မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ရုရှားနိုင်ငံကို ၎င်းတို့၏ပဉ္စမမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ်သတ်မှတ်ခဲ့သည့် စီးပွားရေးဆိုင်ရာ မဟာမိတ်အစုအဖွဲ့ဖြစ်သည်။ ယူကရိန်းနှင့်ပဋိပက္ခအတွင်း ရုရှားအပေါ် ပိတ်ဆို့အရေးယူမှုများချမှတ်ရန် အဆိုပါနိုင်ငံများအားလုံးက ငြင်းဆိုထားကြ



ပြီးဖြစ်သည်။

တစ်ချိန်တည်းမှာပင် ယူကရိန်းနိုင်ငံအမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီအကြီးအကဲ Aleksey Danilov က ရုရှားနိုင်ငံနှင့် အနာဂတ်ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဘီလာရုစ်သမ္မတ Alexander Lukashenko ၏ပါဝင်မှုကို ပယ်ချမည်မဟုတ်ကြောင်း ဇွန် ၂၅ ရက်က Facebook လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

ဇွန် ၂၄ ရက်က မအောင်မြင်သော အာဏာသိမ်းရန်ကြိုးပမ်းမှုအတွင်း ရုရှားအစိုးရနှင့် PMC Wagner ကြေးစားစစ်ဘက်အကြီးအကဲ Evgeny Prighozhin တို့ကြားတွင် ဘီလာရုစ်သမ္မတ Lukashenko ၏ ဖျန်ဖြေမှုအပြီးတွင် အဆိုပါမှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘရာဇီးသမ္မတ Luiz Inacio Lula-da Silva က ယူကရိန်းနှင့် ရုရှားနှစ်ဖက်စလုံးကို ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှုများတွင် အလျှော့အတင်းလုပ်ရန် ဇွန် ၂၂ ရက်က တိုက်တွန်းခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသောပဋိပက္ခများတွင် မပါဝင်သည့်နိုင်ငံများသည် ရုရှားနှင့် ယူကရိန်းတို့ကြား ပြေလည်အောင်ညှိနှိုင်းရန် အသင့်တော်ဆုံးဖြစ်ကြောင်း ၎င်းက အကြံပြုခဲ့သည်။

**Ukraine peace talks to begin in July – German state media ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျန်းမာရေးဆိုင်ရာအန္တရာယ်ကိုဖြစ်စေသော မြေဆီလွှာညစ်ညမ်းမှု

မေဇင်ထွန်း

ကျန်းမာသောမြေဆီလွှာသည် လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုသည်။ ၎င်းတို့သည် အစားအစာ၊ ဇီဝလောင်စာနှင့် အမျှင်ဓာတ်ထုတ်လုပ်ခြင်း၊ အချို့သောဆေးဝါးများထုတ်လုပ်ခြင်းနှင့် သောက်သုံးရေထိန်းသိမ်းခြင်းတို့တွင် ကျန်းမာသောမြေဆီလွှာတို့သည် စစ်ထုတ်ခြင်းလုပ်ငန်းစဉ်အတွက် မရှိမဖြစ်လိုအပ်သည်။ ကျန်းမာပြီး မြေဆီမြေနှစ်ပြည့်ဝသော မြေဆီလွှာများသည် ကာဗွန်နှင့် အာဟာရလည်ပတ်မှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ မြေဆီလွှာညစ်ညမ်းမှုသည် မြေဆီမြေဩဇာကိုထိခိုက်စေသည်။ ထိုသို့ထိခိုက်စေမှုက လူသားများ၏ရှင်သန်မှုအတွက် မရှိ မဖြစ်လိုအပ်သော စားနပ်ရိက္ခာဖူလုံမှုကို တိုက်ရိုက်ထိခိုက်စေသည်။ ထို့ပြင် ညစ်ညမ်းသောအစားအစာနှင့် သောက်သုံးရေကို သွယ်ဝိုက်၍ဖြစ်စေသည့်အပြင် ညစ်ညမ်းသောမြေဆီလွှာကို တိုက်ရိုက်ထိတွေ့ခြင်းမှတစ်ဆင့်လည်း လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။

မြေဆီလွှာသည် နည်းအမျိုးမျိုးဖြင့် ညစ်ညမ်းနိုင်သည်။ ဥပမာဆိုရသော် ပိုးသတ်ဆေးကို ထပ်ခါတလဲလဲသုံးစွဲခြင်းသည် မြေဆီလွှာကို မှီတည်းနေထိုင်ကြသော ဇီဝမျိုးစုံမျိုးကွဲများကိုပျက်စီးစေကာ မြေဆီလွှာ၏ ခံနိုင်ရည်အားကို လျော့နည်းစေပြီး အစားအစာနှင့် သောက်သုံးရေများကို ညစ်ညမ်းစေနိုင်သည်။ မြေဆီလွှာညစ်ညမ်းမှုလုံးဝကင်းစင်ရေး လုပ်ဆောင်ချက်အစီအစဉ်သည် ဓာတုပိုးသတ်ဆေးအသုံးပြုမှုကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချရန်နှင့် ၎င်းတို့ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကိုလျော့ပါးစေရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် အန္တရာယ်ရှိသောပိုးသတ်ဆေးအသုံးပြုမှု ထက်ဝက်လျှော့ချနိုင်ရေး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အဓိကထားဆောင်ရွက်လျက်ရှိသည်။

သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အသုံးပြုခြင်းကြောင့်ဖြစ်လာသည့် ပိုလျှံသောအာဟာရများသည် မြေဆီလွှာညစ်ညမ်းမှုကိုဖြစ်စေသော အခြားအရင်းအမြစ်တစ်ခုဖြစ်သည်။ ၎င်းတို့သည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို လျော့ကျစေသည့်အပြင် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ညစ်ညမ်းမှုလုံးဝကင်းစင်ရေးဆိုင်ရာ လုပ်ဆောင်ချက်အစီအစဉ်သည် သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ အသုံးပြုခြင်းကြောင့်ဖြစ်လာသည့် လွန်ကဲသောအာဟာရအသုံးချမှုနှင့်ဆက်စပ်သော ပျက်စီးဆုံးရှုံးမှုများကို အနည်းဆုံးထက်ဝက်လျှော့ချနိုင်ရန် ရည်မှန်းထားပြီး ကျန်းမာသောမြေဆီလွှာဖြစ်ရေးကို မြှင့်တင်ပေးနိုင်ရန်နှင့် လေထုညစ်ညမ်းမှုဒဏ်ခံရသော မြေဧရိယာများကိုလည်း ၂၅ ရာခိုင်နှုန်းလျှော့ချရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၃၀ ပြည့်နှစ်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မြေဆီလွှာဆိုင်ရာ မဟာဗျူဟာကို ချမှတ်သွားမည်ဖြစ်ပြီး ထိုမဟာဗျူဟာအားဖြင့် ၂၀၅၀ ပြည့်နှစ်တွင် မြေဆီလွှာညစ်ညမ်းမှုသည် လူသားတို့၏ ကျန်းမာရေးကိုမထိခိုက်စေတော့ဘဲ လျော့နည်းစေရန် ဆောင်ရွက်ထားသည်။ ထိုမဟာဗျူဟာတွင် သဘာဝရင်းမြစ်များ ညစ်ညမ်းမှုကိုတားဆီးရန် ဦးစားပေးထားသည့်အပြင် မြေဆီလွှာမဟာဗျူဟာအားဖြင့် အနာဂတ်မြေဆီလွှာကျန်းမာရေးဥပဒေတစ်ရပ်ကို အဆိုပြုသွားမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းအားဖြင့် ညစ်ညမ်းနေသော မြေဧရိယာများကိုဖော်ထုတ်ခြင်း၊ သို့လောင်ခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်မည်ဟု မျှော်လင့်ရသည်။

မြေဆီလွှာသည် လူသားတို့၏ ကျန်းမာရေးကို အထောက်အကူပြုသည်။ သန့်ရှင်းသောမြေဆီလွှာများသည် အာဟာရရှိသောအစားအစာ၊ သန့်ရှင်းသောသောက်သုံးရေ၊ ကုန်ကြမ်းများနှင့် ကာဗွန်စုဆောင်းခြင်းလုပ်ငန်း ဆောင်တာများကို သဘာဝအလျောက်ဖြစ်စေပြီး အစားအစာဖူလုံမှုအာမခံချက်၊ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်နှင့် လူသားတို့၏ ကျန်းမာရေးကိုကာကွယ်ပေးရန်အတွက် မရှိမဖြစ်လိုအပ်သော ဂေဟစနစ်ဝန်ဆောင်မှုများတွင် ကောင်းသောအကျိုးသက်ရောက်မှုများဖြစ်စေသည်။ မြေဆီလွှာညစ်ညမ်းမှုသည် စားနပ်ရိက္ခာဖူလုံရေးကို နည်းလမ်းနှစ်မျိုးဖြင့် သက်ရောက်မှုရှိသည်။ ပထမနည်းမှာ မြေဆီလွှာညစ်ညမ်းမှုသည် သီးနှံအထွက်နှုန်းကို လျှော့ချနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အဆိပ်အတောက်များသည် ရေရှည်တွင်မြေဆီလွှာကိုပျက်စီးစေသောကြောင့်ဖြစ်သည်။ ဒုတိယနည်းလမ်းမှာ မြေဆီလွှာညစ်ညမ်းမှုသည် လူတို့စားသုံးရန် မသင့်လျော်သော အစားအစာများကိုဖြစ်စေသည်။



ညစ်ညမ်းသောမြေဆီလွှာနှင့် လူသားများ ထိတွေ့ခြင်းသည် နှစ်စဉ်ကမ္ဘာတစ်ဝန်းတွင် အရွယ်မတိုင်မီသေဆုံးမှုဦးရေ ၅၀၀၀၀၀ ကျော်ကို ဖြစ်စေကြောင်း လေ့လာမှုများတွင် ခန့်မှန်းထားသည်။ အဆိုပါသေဆုံးမှုအများစုသည် ညစ်ညမ်းသောမြေဆီလွှာနှင့် ရေရှည်ထိတွေ့မှုဒဏ်ခံရသော ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကဲ့သို့သော ထိခိုက်လွယ်သောအုပ်စုများတွင်အဖြစ်များကြသည်။ မြေဆီလွှာညစ်ညမ်းမှုအားလုံး၏ ကျန်းမာရေးနှင့် ကျန်းမာရေးအပေါ်သက်ရောက်မှုများသည် ပိုမိုများပြားလှသည်။ ထိုသို့ ဓာတုမြေဩဇာများ၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်အမှိုက်များတွင် ပါဝင်သော ဓာတုပစ္စည်းများပေါ်မူတည်၍ မြေဆီလွှာညစ်ညမ်းမှုသည် အဆုတ်၊ အရေပြား၊ အစာအိမ်၊ အသည်းနှင့် ကျောက်ကပ်ကဲ့သို့သော အင်္ဂါအမျိုးမျိုးကို ထိခိုက်စေနိုင်သည်။

မြေဆီလွှာညစ်ညမ်းမှုများသည် ကိုယ်ခံအား၊ မျိုးပွားမှု၊ အာရုံကြော၊ နှလုံးသွေးကြောစနစ်များနှင့် အခြားအရာများကို ထိခိုက်စေနိုင်သည်။ မြေဆီလွှာညစ်ညမ်းမှု၏ ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများသည် ဆင်းရဲသော အိမ်ထောင်စုများကို အချိုးမညီမျှစွာ သက်ရောက်မှုရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဥပမာအားဖြင့် ဆင်းရဲသောအိမ်ထောင်စုများသည် စက်မှုဇုန်များအနီးတွင်နေထိုင်နိုင်ပြီး ညစ်ညမ်းသောမြေဆီလွှာများနှင့် ထိတွေ့နိုင်ခြေပိုများသည်။ ထို့အတွက် ပိုမိုထိခိုက်ခံရသည်ကို တွေ့ရသည်။

ရေလွှမ်းမိုးမြစ်ဝကျွန်းပေါ်ဒေသများသည် မြေဩဇာအလွန်ကောင်းပြီး စိုက်ပျိုးရေးအတွက် အလွန်ကောင်းလှသဖြင့် ထိုဒေသများတွင် လယ်ယာစိုက်ပျိုးရေးများလုပ်ကိုင်ကာ နေထိုင်ကြသည်။ သို့သော် Central Elbe ကဲ့သို့ မြစ်တစ်ဝိုက်တွင် ခရိုမီယမ်၊ ဇန်နေဒီယမ်နှင့်ခဲကဲ့သို့ အာဆင်းနစ်ဓာတ်များသည် ကျန်းမာရေးအန္တရာယ်ကိုအဓိကဖြစ်စေကြောင်း တွေ့ရှိရသည်။ လေ့လာမှုအရ ထိုအရပ်ဒေသများတွင် နေထိုင်သည့် ကလေးများ၏ ကျန်းမာရေးသည် လူကြီးများထက် အန္တရာယ်ပိုများကြောင်း တွေ့ရှိခဲ့သည်။ ထို့ပြင် ဥရောပတစ်ဝန်းရှိ စိုက်ပျိုးရေးဆိုင်ရာမြေဆီလွှာများတွင် ကက်မီယမ်ပါဝင်မှုမြင့်မားပြီး တိုးများလာသည်ကို တွေ့ရှိရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ဖော့စဖရတ်ဓာတ်မြေဩဇာများအသုံးပြုခြင်းကြောင့်ဖြစ်သည်။ ကက်မီယမ်သည် လေးလံသောသတ္တုတစ်မျိုးဖြစ်သည်။ ထိုဓာတ်များသည် ဆေးလိပ်သောက်သုံးသူများ၏ ကိုယ်ခန္ဓာတွင် တွေ့ရလေ့ရှိပြီး ဆေးလိပ်မသောက်သူများတွင် ဓာတ်မြေဩဇာသုံးစိုက်ပျိုးထားသော အစားအစာများ စားသုံးမိခြင်းသည် အဓိကထိတွေ့မှုလမ်းကြောင်းဖြစ်သည်။ ဆေးလိပ်သောက်သူများသည် စီးကရက်မီးခိုးမှတစ်ဆင့် ကက်မီယမ်နှင့် ပုံမှန်လိုထိတွေ့နေမိတတ်ပြီး ထိုသို့ထိတွေ့မိခြင်းက ကျောက်ကပ်အဆိပ်သင့်ခြင်းနှင့် အရိုးပွခြင်းအပါအဝင်အန္တရာယ်ရှိသော ကျန်းမာရေးဆိုင်ရာရောဂါများကို ဖြစ်စေနိုင်သည်။ လူသားတို့၏ ကက်မီယမ်နှင့် ထိတွေ့မှုအများဆုံးဥရောပနိုင်ငံများမှာ ပြင်သစ်၊ ဂျာမနီနှင့် ပိုလန်နိုင်ငံတို့ဖြစ်သည်။ လေ့လာမှုများအရ သက်သတ်လွတ်မစားသူများထက် သက်သတ်လွတ်စားသူများတွင် ကက်မီယမ်ပမာဏသည် ၃၅ ရာခိုင်နှုန်းပိုမိုမြင့်မားကြောင်းတွေ့ရပြီး ထိုသည်မှာ စိုက်ပျိုးမြေတွင် ဖော့စဖရတ်ဓာတ်မြေဩဇာအသုံးပြုခြင်းနှင့် ဆက်စပ်မှုရှိသည်။

ထို့ပြင် စက်မှုလုပ်ငန်းနေရာများအနီးတွင် မြေထုညစ်ညမ်းမှုကို အများဆုံးတွေ့ရသည်။ စက်မှုလုပ်ငန်းမှ လေထု သို့မဟုတ် ရေထဲသို့ ထုတ်လွှတ်သော ညစ်ညမ်းမှုအများစုသည် မြေဆီလွှာမှတစ်ဆင့် ပျံ့နှံ့ခြင်းဖြစ်သည်။ ပုံမှန်အားဖြင့် လေထု၊ ရေထုထဲသို့ ပျံ့နှံ့စေသောလမ်းကြောင်းသည် မြေမျက်နှာပြင်မှ စီးဆင်းကာ စမ်းချောင်းများသို့ရောက်ပြီးသည်နှင့် မြေဆီလွှာများအတွင်းရှိ မြေအောက်ရေထိ စိမ့်ဝင်သွားသည်။ အလားတူ စည်းကမ်းမဲ့စွန့်ပစ်လိုက်သော ဓာတုပစ္စည်းများသည် လေ၏သယ်ဆောင်မှု၊ အငွေ့ပြန်မှုများမဖြစ်မီ မြေပြင်ပေါ်တွင် ဦးစွာရောက်ရှိပြီးမှ တစ်ဆင့်ပျံ့နှံ့လာခြင်းဖြစ်သည်။

ပြင်သစ်၊ ပေါ်တူဂီနှင့် စပိန်နိုင်ငံရှိ ညစ်ညမ်းသောသတ္တုတွင်းနှင့် စက်မှုလုပ်ငန်းသုံးနေရာအနီးတွင် နေထိုင်သည့် အိမ်ထောင်စုများတွင် မကြာသေးမီက လေ့လာမှုတစ်ခုက ကျန်းမာရေးဆိုင်ရာအကျိုးသက်ရောက်မှုများကို လေ့လာစစ်ဆေးခဲ့သည်။ လေ့လာမှုတွင် မွေးကင်းစကလေးများ၌ ပေါင်မပြည့်ခြင်း၊ ကျန်းမာရေးအခြေအနေနိမ့်ကျခြင်း၊ အရွယ်ရောက်ပြီးသူများတွင် နာတာရှည်ရောဂါဖြစ်နိုင်ခြေတိုးလာခြင်းနှင့် အရွယ်မတိုင်မီသေဆုံးမှု မြင့်တက်လာခြင်းအပါအဝင်ကျန်းမာရေးအပေါ် ထင်ရှားသောအကျိုးသက်ရောက်မှုများကို တွေ့ရှိခဲ့သည်။ လူမှုစီးပွားစရိတ်များနှင့်ပတ်သက်၍ လေ့လာမှုတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းပျက်ကွက်မှုနှုန်း ပိုမိုမြင့်မားလာပြီး ညစ်ညမ်းသောဒေသများတွင် နေထိုင်သူများကြား ကျန်းမာရေးဝန်ဆောင်မှုများအတွက် လိုအပ်ချက် ပိုမိုမြင့်မားကာ ဆင်းရဲပြီး ပညာနည်းပါးသော အိမ်ထောင်စုများသည် ညစ်ညမ်းမှုဒဏ်ကို အခံရဆုံးဖြစ်ကြသည်။

နောက်ထပ်လေ့လာမှုတစ်ခုတွင် ဥရောပတစ်ဝန်းရှိ အမှိုက်ပုံနေရာ ၁၅၄၄ နေရာတွင် နေထိုင်ကြသောဒေသခံ ပြည်သူများအပေါ် အမှိုက်ပုံများ၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကိုဆန်းစစ်ခဲ့ရာ နှစ်စဉ်မသန်စွမ်းမှုများဖြစ်ခြင်း၊ မွေးရာပါပေါင်ချိန်မပြည့်ခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများနှင့် အခြားသော ကျန်းမာရေးဆိုင်ရာရောဂါများဖြစ်စေသည်ကို တွေ့ရသည်။ ထို့ပြင် ဂျာမနီနိုင်ငံ၏ လေ့လာမှုတစ်ခုအရ North Rhine Westphalia ရှိ သတ္တုသန့်စင်စက်ရုံအနီးတွင် နေထိုင်သောကလေးငယ်များ၏ သွေးထဲတွင် ခဲနှင့် ကက်မီယမ်ပါဝင်မှုပိုများသည်ကိုတွေ့ရှိခဲ့ရသည်။ ထို့ကြောင့် မြေဆီလွှာညစ်ညမ်းမှုသည် လူသားတို့နှင့် အနီးဆုံးနေရာတွင် ဖြစ်တည်နေပြီး ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ဖြစ်စေသဖြင့် အထူးဂရုပြုဆင်ခြင် သတိပြုသင့်ကြောင်းကို ဗဟုသုတရဖွယ်ရေးသားအပ်ပါသည်။

**ကိုးကား**

- **Soil pollution and health**

# အောင်လံမြို့နယ်၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အောင်လံ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေနံကြီးကျေးရွာအုပ်စု ရေနံကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများကို ကျေးရွာပြည်သူသိရှိနိုင်စေရေး မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကျေးရွာကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ မဏ္ဍပ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ စီမံချက်ရေးဆွဲခြင်းနှင့် စီမံကိန်းကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မိမိတို့ ကျေးရွာအတွက် တာဝန်ယူဆောင်ရွက်မည့်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့သည်။

အောင်လံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကို ကျေးရွာခုနစ်ရွာ၌ စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်လံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ပြောပြ၍ သိရသည်။

မြူလေး

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းကာ အဆိုပါကျောင်းတိုက်အတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှု၍ ဆေးကုသမှုခံယူနေသူများအား ဆီ၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အားပေးစကားများပြောကြားသည်။ ထို့ပြင် တောင်ရင်းရပ်ကွက်ဘိုးဘွားရိပ်သာအနီး သုသာန်အဝင်လမ်းဘေးဝဲယာရှိ စွန့်ပစ်အမှိုက်ပုံကြီးကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ စက်ယန္တရားများဖြင့် ရှင်းလင်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ စွန့်ပစ်အမှိုက်များအား သတ်မှတ်နေရာများ၌သာ စနစ်တကျစွန့်ပစ်စေရေး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကကျက်ဘက်ကျေးရွာအုပ်စု ကကျက်ဘက်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးကုသပေးနေမှုကို သွားရောက်ကြည့်ရှု အားပေးစကားများပြောကြားပြီး ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ အဆိုပါစာသင်ကျောင်းတွင် မုန်တိုင်းကြောင့် အမိုးလန်ပျက်စီး၊ ဆုံးရှုံးသွားသည့် စာသင်ကျောင်းအမိုး ပြင်ဆင်ပြီးစီးမှုကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဂိုဒေါင်တွင် မိုခါမုန်တိုင်းကြောင့် လေဘေးသင့်ပြည်သူများကို ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ပစ္စည်းများ ရောက်ရှိမှု၊ ဖြန့်ဝေထားရှိမှု၊ လက်ကျန်စာရင်းများ ကိုက်ညီမှု ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများအား မျိုးစပါးများ ထောက်ပံ့ပေးနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပဏာကမြို့နယ်အတွက် မျိုးစပါးများတင်ဆောင်လာသောကားများ ရောက်ရှိလာသဖြင့် အဆိုပါမျိုးစပါးများကို မြို့နယ်စိုက်ပျိုးရေးရုံးရှိ ဂိုဒေါင်ထဲသို့ စနစ်တကျထည့်သွင်းနေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ မြေပုံမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀၀)မှ အထူးကုဆရာဝန်များပါဝင်သည့် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးစဉ်။

---

☆ **ကျောဖုံးမှအဆက်**

ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအနေဖြင့် ၂၀၁၆ ခုနှစ်မှ ယခုကာလထိ မြန်မာနိုင်ငံတွင် ခုနစ်နှစ်တာ တာဝန်ထမ်းဆောင်ခဲ့ရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ချီးမြှင့်သည့် စွမ်းဆောင်ရည်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့ ဝဏ္ဏကျော်ထင်ဘွဲ့ကို ဇွန် ၂၆ ရက်တွင် ရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့သည် မြန်မာ-ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုအပြင် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်မြှင့် ပူပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံသည် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံများဖြစ်သည့်အတွက် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်အကူအညီပေးရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၂၉-၆-၂၀၂၃ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

---

# ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့်ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်




ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ(MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှု များဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ၅၆ မီတာ ကမ်းထိုးရေယာဉ်နှစ်စီးသည် မြန်မာ့သစ်လုပ်ငန်းမှ သစ်ခွဲသားဆိုဒ်စုံ ၁၃၆၁၃ ချောင်း စုစုပေါင်း တန် ၂၀၀ ခန့်ကို တောင်ကုတ်မြို့၌တင်ဆောင်၍ ရသေ့တောင်သို့ ယနေ့ညနေပိုင်းတွင် ထွက်ခွာသွားသည်။

အဆိုပါစစ်ရေယာဉ်မှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့်ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)တွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ရထားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကျွမ်းကျင်သူကိုယ်စားလှယ်များ အပြန်အလှန်စေလွှတ်ရေး၊ တိုက်ရိုက်လေကြောင်းခရီးစဉ်တိုးချဲ့ပျံသန်းရေးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံဆွေးနွေးပြီး တတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊ PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့ သုံးရက်တာဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးစဉ်။**

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)ဒုတိယဥက္ကဋ္ဌ ခွန်ထွန်းတင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာ-ဖူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA) စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း ယနေ့နံနက်ပိုင်းတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနညွှန်ခန်းမ၌ တစ်ဖွဲ့ချင်း သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် တစ်ဖွဲ့ချင်းစီ၏ တင်ပြချက်များ၊ ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသည့် PPST အဖွဲ့ဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (ALP၊ DKBA၊ KNU/KNLA-PC၊ LDU၊PNLO)၏ ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန အစည်းအဝေးခန်းမ၌ တတိယနေ့ဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)ဥက္ကဋ္ဌ စောမြရာဇာလင်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ စစ်ရေးချုပ်အဆင့်ရှိ စောစိန်ဝင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) ဦးဆောင်နာယက ဖြားတန်ခွန်ဥက္ကာတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ အပြီးသတ်ရရှိသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားပြီး



**နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။**

ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ



ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့် ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့်မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့်ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့်တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ရသေ့တောင်မြို့ မေယုခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့်မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့်ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇွန် ၂၈**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် မိုခါရန်ပုံငွေပဒေသာကပွဲနှင့် လေးပွင့်ဆိုင်ဘောလုံးပြိုင်ပွဲတို့မှ ရရှိသောငွေများကို ရခိုင်ပြည်နယ်ရှိ ဆိုင်ကလုန်းမုန်တိုင်းမိုခါဘေးသင့်ပြည်သူများထံ ကိုယ်တိုင်သွားရောက်လှူဒါန်းရန်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များနှင့် အားကစားသမားဟောင်းများ ၆၄ ဦးကို လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံနှင့် ASEAN Coordinating Centre For Humanitarian Assistance on disaster management(AHA Centre) တို့မှ လှူဒါန်းသည့် ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်းများ ၁၀ ဒသမ ၃၀၉ တန်ကိုလည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှစစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှလေယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၅၄၉ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့်ဌာနဆိုင်ရာဝန်ထမ်း ၃၅၂၀ ဦးတို့ကိုပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့်လေဆိပ်များသို့ရောက်ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။



ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၈**

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဗိုးသောင်ကျေးရွာနှင့် ဇော်ပူကျာကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကုလားဘာတောင်ရပ်ကွက်ရှိ သိမ်တောင်ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ဆီ၊ ရေသန့်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကားလမ်းမဘေး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကကျက်ဘက်ကျေးရွာရှိ ဒေသခံပြည်သူများကို နယ်လှည့်ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဦးစီးဌာနရှိ ဝန်ထမ်းမိသားစုများနှင့် ဒေသခံပြည်သူများထံ မျိုးစပါးများထောက်ပံ့ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာသနာ့ဗိမာန်ကျောင်းတိုက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြို့တော်ဝန်ခန်းမ၌ ဒေသခံပြည်သူများထံ မျိုးစပါးများ ထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ဇွန် ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၄၀၃၉၁ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၉၃၁၀ ဦး |

**နေပြည်တော် ဇွန် ၂၈**

ဇွန် ၂၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၁၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၄၅ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပြည်ထောင်စုဈေးမုခ်ဦးဖွင့်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ လယ်တီရပ်ကွက်ရှိ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ပြည်ထောင်စုဈေးမုခ်ဦးဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါနေရာများ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြည်ထောင်စုအမှတ်(၂)လမ်းနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အဆိုပါလမ်းသစ်ကို လိုက်လံကြည့်ရှုကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ထောင်စုဈေးမုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စုပေါင်းဓာတ်ပုံများရိုက်ကူးခဲ့ကြသည်။

အဆိုပါ ပြည်ထောင်စုအမှတ်(၂)လမ်း နိုင်လွန်ကတ္တရာလမ်းသစ်၏ အရှည်မှာ ပေ ၆၄၂၀၊ အကျယ် ပေ ၂၀၊ ဒု ၃ လက်မ ဖြစ်ကြောင်း သတင်းရရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ပြည်ထောင်စုဈေးမုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ)ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂၈**

ထိုင်းဘုရင့်လေတပ် ဦးစီးချုပ်ဖြစ်သူ Air Chief Marshal Alongkom Vannarot ၏ဖိတ်ကြားချက်အရ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော တပ်မတော်(လေ) ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံသို့ ယနေ့တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ကာကွယ်ရေးဦးစီးချုပ်(လေ)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူး တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပစဉ်။



**နေပြည်တော် ဇွန် ၂၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၃ ခုနှစ် တိုင်းမှူးတံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ နယ်မြေခံကျောင်းဝင်းအတွင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အသင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းကိုသေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြိုင်ပွဲဝင်အသင်းများက ထိလဲပြားများကိုယှဉ်ပြိုင်ပစ်ခတ်စွမ်းရည်ပြသကြရာ အနိုင်ရရှိသော အသင်းကို တပ်နယ်မှတာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းဖြင့် ဇူလိုင် ၃ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြူမြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# အကြမ်းဖက်မှုလုပ်ရပ်များကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ စစ်ကိုင်းမြို့နယ်အတွင်း ခိုအောင်းနေသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တိုက်ခိုက်ချေမှုန်း၊ လက်နက်၊ ခဲယမ်းများနှင့် အကြမ်းဖက်သမားအလောင်းအချို့ သိမ်းဆည်းရရှိ

**နေပြည်တော် ဇွန် ၂၈**

စစ်ကိုင်းမြို့နယ် ကင်းတော်ကျေးရွာ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေသော အကြမ်းဖက်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၂၅ ရက်တွင် တိုက်ခိုက်ချေမှုန်းခဲ့ရာ အလောင်းအချို့နှင့် လက်နက်မျိုးစုံ ၄၂ လက်၊ ကျည်မျိုးစုံ ၅၀၀၉ တောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



စစ်ကိုင်းမြို့နယ် စဥ့်ကိုင်ကျေးရွာ၌ခိုအောင်းနေသော PDF အမည်ခံ အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။



ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ထပ်မံသိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

အဆိုပါဖြစ်စဉ်တွင် အချို့သော အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး၍ စဥ့်ကိုင်ကျေးရွာအနီးတွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကာ ခိုအောင်းလျက်ရှိကြောင်း အကြမ်းဖက်လုပ်ဆောင်မှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူအချို့၏ လျှို့ဝှက်ဆက်သွယ်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ချေမှုန်းတိုက်ခိုက်ခဲ့ရာ PDF အမည်ခံ အကြမ်းဖက်သမား အလောင်းအချို့၊ လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရရှိခဲ့သည်။


ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံလုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများသည် စစ်ကိုင်းမြို့နယ် စဥ့်ကိုင်ကျေးရွာ၌ လက်နက်၊ ခဲယမ်းများနှင့်အတူ ခိုအောင်းနေကြောင်းနှင့် ဇွန် ၂၅ ရက် ကင်းတော်ကျေးရွာ၊ ဥယျာဉ်ကျေးရွာနှင့် လက်ပံတောကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ချေမှုန်းရာတွင် ထွက်ပြေးလွတ်မြောက်လာသည့် အကြမ်းဖက်သမားများသည်လည်း ပူးပေါင်းအခြေပြုနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ်PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးခဲ့သဖြင့် ပိတ်ဆို့ရှင်းလင်းရေးအဖွဲ့က တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားအချို့၏ အလောင်းများနှင့် စနိုက်ပါသေနတ်တစ်လက်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ ကျည်အိမ်များ၊ ကျည်မျိုးစုံ ၁၄၁၂ တောင့်၊ ဒီတိုနေတာ ၁၀ ခု၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ လက်ကိုင်ဖုန်း ရှစ်လုံးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ကျေးရွာအတွင်း ဖော်ထုတ်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ကျေးရွာဘုန်းတော်ကြီးကျောင်းအတွင်းမှ ရှော့တိုက်ဒုံးပစ်စင် လေးခု၊ လက်လုပ်ဗုံးသီး ၁၇ လုံး၊ လျှပ်စစ်ဒီတိုနေတာ ၂၈ ခုနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ထိုကဲ့သို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းမျိုးစုံ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နီးစပ်ရာ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

ဖြစ်စဉ်တွင် သိမ်းဆည်းရမိလက်နက်များနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအနေဖြင့် အဆိုပါလက်နက်များကိုကိုင်ဆောင်၍ ဒေသခံပြည်သူများအား အနိုင်ကျင့်ဗိုလ်ကျခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအပေါ် စိတ်မထင်လျှင်မထင်သလို သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ရပ်ရွာတည်ငြိမ်အေးချမ်းအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

# တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်ကကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများကို ဖမ်းဆီးရမိ




တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်မှကြေညာထားသည့် Action Labor Right အမည်ခံအဖွဲ့နှင့် ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများ ဖြစ်ပွားစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်သူများ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ စက်ရုံ၊ အလုပ်ရုံများ၌ အလုပ်သမားများ စုဝေးဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်စေရန်အတွက် တရားဝင် ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းအဖြစ် နိုင်ငံတော်ကကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်ခေါင်းဆောင်၍ သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အဆိုပါ သွေးထိုးလှုံ့ဆော်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ပြည်သူလူထု၏ သတင်းပေးပို့မှုကြောင့် ၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက်မှ ၁၇ ရက်ထိ Action Labour Right အမည်ခံအဖွဲ့မှ သန္တာစိုးလင်းနှင့် ဖြိုးမြတ်မြတ်သင်းကိုလည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့ကို အားပေးကူညီသူ ဟိန်းမင်းဇော်ကိုလည်းကောင်း၊ Action Labour Right အမည်ခံအဖွဲ့နှင့်ပူးပေါင်း၍ စက်ရုံများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် ဆောင်ရွက်လျက်ရှိသည့် ဟိုစိမ့်(မြန်မာ) အထည်ချုပ်စက်ရုံမှ အောင်အောင်၊ သူသူစံ၊ သန္တာအေး၊ အေးသန္တာဌေး၊ မေသူမင်းတို့ကိုလည်းကောင်း၊ Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ သီတာဝင်းနှင့် ကိုထက်(ခ)လှိုင်ဝင်းထက်တို့ကိုလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများကို စစ်ဆေးဖော်ထုတ်ချက်အရ Action Labour Right အမည်ခံအဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ သူဇာဦးဆောင်၍ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၁၈ ရက်ထိ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၂၅)ရပ်ကွက်ရှိ ကောင်း(၁)ထမင်းဆိုင်အပေါ်ထပ်၌ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ဦးရေ ၂၀ ခန့်ကို စည်းရုံးသိမ်းသွင်းကာ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရန် သွေးထိုးလှုံ့ဆော်ခဲ့ကြောင်း၊ ထိုသို့ သွေးထိုးလှုံ့ဆော်မှုကြောင့် ၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာဓုကန် စက်မှုဇုန်ရှိ ဟိုစိမ့်(မြန်မာ)အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်ဝင်ရောက်ခြင်းမပြုဘဲ စက်ရုံရှေ့တွင် စုဝေး၍လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် Sun Apparel Myanmar အထည်ချုပ်စက်ရုံမှ အလုပ်သမားအချို့သည် လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်ခြင်းမရှိဘဲ စက်ရုံအတွင်း၌စုဝေး၍လည်းကောင်း အသီးသီး ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ စက်ရုံ၊ အလုပ်ရုံများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်စေရေး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ရာတွင်ပါဝင်ခဲ့သည့် Action Labour Right အမည်ခံအဖွဲ့၊ ဟိုစိမ့်(မြန်မာ) အထည်ချုပ်စက်ရုံနှင့် Sun Apparel Myanmar အထည်ချုပ်စက်ရုံတို့မှ တရားခံ ၁၀ ဦးကို တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် Action Labour Right အမည်ခံအဖွဲ့မှ သူရိန်အောင်၊ သူဇာနှင့် ဆက်စပ်တရားခံများ၊ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့






KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းနှင့် တပ်ရင်းရုံးတို့၏ မှတ်တမ်းဓာတ်ပုံ။



KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ရွာသစ်မြို့ ရွှေကျောင်းဘုန်းကြီးကျောင်းဆရာတော်အား ကျန်းမာရေး စောင့်ရှောက်မှုများဆောင်ရွက်ပေးပြီး ဖူးမြော်ကြည်ညိုစဉ်။




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသရှိ အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်ရင်းဗဟိုကင်းနှင့် တပ်ရင်းရုံးတို့၏ မှတ်တမ်းဓာတ်ပုံ။




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည့် တပ်ရင်းမှူးရုံးခန်း မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂၈**

ကယားပြည်နယ်အတွင်း နယ်စပ်ဒေသလုံခြုံရေးနှင့် ဒေသခံပြည်သူများ၏ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တောင်လှစခန်း၊ မယ်တနွယ်စခန်း၊ ဘီပီ-၁၄ စခန်း၊ မယ်စဲ့စခန်းနှင့် နမ်ပေါင်စခန်းတို့ကို KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့က အင်အားစုအလုံးအရင်းဖြင့် ဇွန် ၁၃ ရက်မှ ၁၉ ရက်ထိ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ဇွန် ၁၆ ရက်တွင် ပန်တိန်းဒေသရှိ တပ်မတော် ကွပ်ကဲမှုအောက် အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်သည် ဆက်သွယ်မှုများပြတ်တောက်ခဲ့သည်။

ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်အရာရှိတစ်ဦးနှင့် ဆက်သွယ်မှုပြန်လည်ရရှိခဲ့ပြီး ၎င်း၏ သတင်းပို့ချက်အရ အမှတ်(၁၀၀၄) နယ်ခြားစောင့်တပ်မှ အသွင်ပြောင်းတပ်ဖွဲ့ဝင်အချို့သည် တပ်ဆင်ပေးထားသည့် လက်နက်၊ ခဲယမ်းများနှင့်အတူ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ဖျက်တော်ခဲ့ပြီး KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့နှင့် KNDF အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းသွားကြောင်း၊ ၎င်းတပ်တွင် တာဝန် ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများနှင့် မိသားစုဝင်များကို သက်ဆိုင်ရာ ရုံး၊ အဆောက်အအုံ အသီးသီးတွင် အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားကြောင်း သိရသည်။

ထို့ကြောင့် ယင်းနေ့နံနက်ပိုင်းတွင် တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့များ အသုံးပြု၍ ကွန်မန်ဒိုနည်းဖြင့် ချီတက်ချဉ်းကပ်ကာ လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူရယူပြီး အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ရာ မွန်းလွဲပိုင်းတွင် အမှတ်(၁၀၀၄)နယ်ခြားစောင့်တပ်ကို ပြန်လည်ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့ပြီး တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုများကို ကယ်တင်၍ ရဟတ်ယာဉ်များဖြင့် လုံခြုံစိတ်ချရသည့်နေရာသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

ထို့အတူ စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅)နယ်ခြားစောင့်တပ်သည်လည်း ဇွန် ၁၇ ရက်တွင် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာ တပ်မတော်အနေဖြင့် လေကြောင်းချီတပ်ဖွဲ့ စေလွှတ်ရန် ကြိုးပမ်းခဲ့သော်လည်း ရာသီဥတုအခြေအနေအရ အသုံးမပြုနိုင်သဖြင့် ကွန်မန်ဒိုတပ်ဖွဲ့များဖြင့် အဆင့်ဆင့်ချီတက်တိုက်ခိုက်ခဲ့ရာ ဇွန် ၂၇ ရက် ညနေပိုင်းတွင် အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်ကို ပြန်လည်ထိန်းချုပ် သိမ်းပိုက်နိုင်ခဲ့သည်။

၎င်းတပ်ကို ပြန်လည်ထိန်းချုပ်ရရှိချိန်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပျောက်ဆုံးလျက်ရှိသဖြင့် အမြန်ဆုံးကယ်ဆယ်နိုင်ရေး **စာမျက်နှာ ၂၄ သို့**




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသရှိ အမှတ်(၁၀၀၅) နယ်ခြားစောင့်တပ်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည့် ကိုယ်ထူကိုယ်ထ မူလတန်းကျောင်း မှတ်တမ်းဓာတ်ပုံ။




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် စွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် ရရှိခဲ့သည့် အကြမ်းဖက်သမားများ၏ အသုံးအဆောင်ပစ္စည်းများနှင့် ကင်းစခန်းများ၏ မှတ်တမ်းဓာတ်ပုံ။




KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် စွတ်ပိုင်ဒေသကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ရွာသစ်မြို့ ရွှေကျောင်းဘုန်းကြီးကျောင်းရှိ အကြမ်းဖက်သမားများကြောင့် နေရပ်စွန့်ခွာနေရသူများကို တပ်မတော်မှ တာဝန်ရှိသူများက အားပေးစကားပြောကြားစဉ်။

# တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ရေကြီး၊ မြေပြိုမှုကြောင့် လူလေးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေ



**ပေကျင်း ဇွန် ၂၈**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဝမ်ချွမ်းခရိုင်ရှိ မိန်စီနှင့် ဝေ့ရှောင်မြို့နယ်တို့တွင် ဇွန် ၂၇ ရက် နံနက်ပိုင်းက ရေကြီး၊ မြေပြိုမှုများဖြစ်ပွားမှုကြောင့် လူလေးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးနေကြောင်း ခရိုင်အရေးပေါ်စီမံခန့်ခွဲမှုဗျူရိုက သတင်းထုတ်ပြန်ခဲ့သည်ဟု ရှင်ဟွာသတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းက ရုတ်တရက်မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ မြေပြိုမှုများကြောင့် လူလေးဦးသေဆုံးခဲ့ပြီး သုံးဦးပျောက်ဆုံးလျက်ရှိရာ ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးဝန်ထမ်း ဦးရေ ၄၀၀ ကျော်ဖြင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကာ လူဦးရေ ၉၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

"သေဆုံးသွားသူတွေကတော့ မိန်စီမြို့နယ်က ဇနီးမောင်နှံ နှစ်ယောက်အပါအဝင် အခြားနှစ်ယောက် စုစုပေါင်း လေးယောက်သေဆုံးခဲ့ပြီး ကျန်သုံးယောက်ကတော့ ပျောက်ဆုံးနေဆဲဖြစ်လို့ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အဲဒီဒေသတွေက အန္တရာယ်ရှိနိုင်တဲ့ ဒေသခံတွေအတွက် ဘေးလွတ်ရာ ရွှေ့ပြောင်းရေး လုပ်ငန်းတွေကို ရှာဖွေကယ်ဆယ်ရေး ဝန်ထမ်းအယောက် ၄၀၀ နဲ့ ဆက်လက်ဆောင်ရွက်နေပါတယ်"ဟု ခရိုင်အရေးပေါ်စီမံခန့်ခွဲမှုဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုသီတင်းပတ်အတွင်း တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ပေကျင်းမြို့အပါအဝင် မြောက်ပိုင်းဒေသများတွင် စံချိန်တင်အပူချိန်မြင့်တက်လျက်ရှိပြီး ဆိုးရွားသော ရာသီဥတုအခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း၊ ယခု ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပေါ်လျက်ရှိသော ဝမ်ချွမ်းခရိုင်သည် ၂၀၀၈ ခုနှစ်ကလည်း အင်အားပြင်းထန်သောငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူဦးရေ ၆၉၀၀၀ ကျော် သေဆုံးခဲ့သေးကြောင်း သိရသည်။ AZH

# ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကြောင့် ရေထွက်ပစ္စည်းများထုတ်လုပ်နိုင်မှု ကျဆင်းလာဖွယ်ရှိနေ

**လန်ဒန် ဇွန် ၂၈**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှု မြင့်မားလာသည့်အတွက် ရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှု သိသိသာသာကျဆင်းလာဖွယ်ရှိနေကြောင်း ဗြိတိန်နိုင်ငံအခြေစိုက် Nature Sustainability ဂျာနယ်မှ သုတေသီများက ထုတ်ပြန်ခဲ့သည်ဟု GMN သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Nature Sustainability ဂျာနယ်မှ သုတေသီများ၏ ထုတ်ပြန်ချက်အရ ရေထွက်ပစ္စည်းထုတ်လုပ်နိုင်မှု အဓိကကျဆင်းဖွယ်ရှိနေသည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းလာမှုကြောင့် ရေအောက်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မည့် အရေးဖြင့် ရင်ဆိုင်နေရခြင်းကြောင့် ပင်လယ်စာရှားပါးလာနိုင်ကြောင်း Nature Sustainability ဂျာနယ်မှ သုတေသီများက သတိပေးပြောကြားခဲ့သည်။

"တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပေမဲ့ ထိရောက်တဲ့ဆောင်ရွက်မှုတွေ ပြုလုပ်ထားနိုင်တာမရှိသေးပါဘူး။ ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝပတ်ဝန်းကျင်ယိုယွင်းလာတာကြောင့် လာမဲ့နှစ်အနည်းငယ်အတွင်း ရေထွက်ပစ္စည်းထုတ်လုပ်နိုင်မှုကျဆင်းသွားနိုင်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်မှုက တိုးတက်မှုနှုန်းနှေးကွေးနေတယ်။ ရေထွက်ပစ္စည်းထုတ်လုပ်နိုင်မှုနှုန်း ကျဆင်းမသွားဖို့အတွက် ဂေဟစနစ်တွေကို အမြန်ဆုံးထိန်းသိမ်းနိုင်ဖို့ လိုအပ်နေပါတယ်။ အရေးပေါ်အခြေအနေနဲ့ ဆောင်ရွက်သွားသင့်ပါတယ်"ဟု Nature Sustainability ဂျာနယ်သုတေသီအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော်လည်း ထိရောက်သည့် အစီအစဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဂေဟစနစ်ယိုယွင်းလာမှုကို ဟန့်တားနိုင်ခြင်းမရှိကြောင်း သုတေသီများက သုံးသပ်ခဲ့သည်။ **နိုင်းဆက်**



# Nevado del Ruiz မီးတောင်အန္တရာယ်ကို အဝါရောင်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်

**ဘိုဂိုတာ ဇွန် ၂၈**

ကိုလံဘီယာနိုင်ငံ ဆာရှိဂွါလီဒေသအနီးရှိ Nevado del Ruiz မီးတောင်သည် ပြီးခဲ့သော မတ်လကတည်းက ပေါက်ကွဲမည့်လက္ခဏာများပြသခဲ့သဖြင့် မီးတောင်အန္တရာယ် လိမ္မော်ရောင်အဆင့်အဖြစ်သတ်မှတ်ခဲ့ကာ ကိုလံဘီယာဘူမိဗေဒဆိုင်ရာညွှန်ကြားရေးဦးစီးဌာနမှ မီးတောင်ဆိုင်ရာသုတေသီများအဖွဲ့က မီးတောင်အခြေအနေကို အချိန်ပြည့်စောင့်ကြည့်နေခဲ့ရာ ဇွန် ၂၇ ရက်က မီးတောင်လှုပ်ရှားမှုမှာ စိတ်ချရသည့်အခြေအနေသို့ ကျဆင်းသွားခဲ့သောကြောင့် မီးတောင်အန္တရာယ် အဝါရောင်အဆင့်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

Nevado del Ruiz မီးတောင်သည် ပေါက်ကွဲမည့်လက္ခဏာပြသပြီး ၈၉ ရက်အကြာတွင် အခြေအနေတည်ငြိမ်လာခဲ့ခြင်းဖြစ်သော်လည်း မီးတောင်အန္တရာယ်ကို ဆက်လက်စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း ကိုလံဘီယာ မီးတောင်ဆိုင်ရာ သုတေသီများက သတိပေးခဲ့သည်။

"Nevado del Ruiz မီးတောင်ဟာ ပြီးခဲ့တဲ့ မတ်လကတည်းက ပေါက်ကွဲတော့မဲ့ လက္ခဏာတွေပြသပြီး မီးတောင်အတွင်းသက်ဝင်လှုပ်ရှားမှုတွေ ဆက်တိုက်ဖြစ်ပေါ်ခဲ့ပါတယ်။ မီးတောင်အတွင်းကနေ ချော်ရည်ငွေ့တွေထွက်တာ တွေ့ရတယ်။ ဒါကြောင့် မီးတောင်အန္တရာယ်ကို လိမ္မော်ရောင်အဆင့်သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ မီးတောင်အခြေအနေကို သုတေသီတွေက အချိန်ပြည့်စောင့်ကြည့်ခဲ့တယ်။ ဇွန်လအတွင်းမှာ မီးတောင်အတွင်း သက်ဝင်လှုပ်ရှားမှုတွေ အနည်းငယ်ငြိမ်သက်လာတယ်"ဟု ကိုလံဘီယာဘူမိဗေဒဆိုင်ရာ ညွှန်ကြားရေးဦးစီးဌာနမှ သုတေသီများအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# ကနေဒါနိုင်ငံတွင် အွန်တေရီယိုနှင့် ကွီဘက်ပြည်နယ် တောမီးမှထွက်ပေါ်လာသော မီးခိုးများကြောင့် လေထုညစ်ညမ်းမှု မြင့်မားလျက်ရှိ

**အော့တဝါ ဇွန် ၂၈**

ကနေဒါနိုင်ငံ အွန်တေရီယိုနှင့် ကွီဘက်ပြည်နယ် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးငွေ့များသည် အွန်တေရီယိုလန်ဒန်ဒေသသို့ ရွေ့လျားခဲ့ပြီး လေထုညစ်ညမ်းမှု မြင့်မားလျက်ရှိကြောင်း ဇွန် ၂၇ ရက်က အွန်တေရီယို မိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို ကိုးကား၍ CBC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုမှ မီးခိုးငွေ့များ ရောက်ရှိလာသဖြင့် အွန်တေရီယိုလန်ဒန်ဒေသတွင် လေထုညစ်ညမ်းမှုအခြေအနေမြင့်မားလာပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားသော ကျန်းမာရေးဘေးကင်းမှုအဆင့်ထက် လေထုညွှန်းကိန်း ၅ ထိ ပိုမိုမြင့်တက်လာလျက်ရှိရာ ဒေသတွင်းပြည်သူများ အနေဖြင့် သတိပြုရန် မြို့တော်ကျန်းမာရေးတာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရသည်။

"လေထုညစ်ညမ်းမှုအခြေအနေတွေကြောင့် အသက်ရှူရခက်ခဲစေမှာဖြစ်ပြီး အဆုတ်ရောဂါနဲ့ နှလုံးရောဂါရှိသူတွေ အများဆုံးထိခိုက်နိုင်ပါတယ်။ အသက်ရှူခက်ခဲနေသူတွေအနေနဲ့လဲ ကျန်းမာရေးဌာနကိုဆက်သွယ်ပြီး အကြံဉာဏ်ရယူကြဖို့ တိုက်တွန်းချင်ပါတယ်"ဟု အွန်တေရီယိုပြည်နယ် Middle-sex-Landon Health Unit မှ ကျန်းမာရေးအရာရှိ ဒေါက်တာအဲလက်စ်ဆန်းမားက ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် ယခုသီတင်းပတ်ကုန်ထိ မီးခိုးငွေ့များဆက်လက်ရှိနေနိုင်ကြောင်းနှင့် မီးခိုးများဖုံးလွှမ်းမှု အချိန်ကြာမြင့်မှုသည် တောမီးလောင်ကျွမ်းမှုအခြေအနေများနှင့် ဆက်စပ်လျက်ရှိကြောင်း ကနေဒါပတ်ဝန်းကျင်ရေးရာဌာနမှ မိုးလေဝသပညာရှင် စတီဗင်ဖစ်ဖီဒါက ပြောကြားခဲ့သည်။

ပြည်သူများအနေဖြင့် လေထုအရည်အသွေး အဆင့်သတ်မှတ်ချက်များကို သတိထားစောင့်ကြည့်ရန်လိုအပ်ပြီး လေထုအရည်အသွေးညွှန်းကိန်း ၆ အထက်သို့ ပိုမိုမြင့်တက်သွားပါက လူတိုင်းအတွက် ကျန်းမာရေး အန္တရာယ်ရှိသော အခြေအနေသို့ ရောက်ရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ AZH

# အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လူသုံးဦးသေဆုံး

**ဝါရှင်တန် ဇွန် ၂၈**

အမေရိကန်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် ဇွန် ၂၆ ရက်က အားကောင်းသည့် မုန်တိုင်းတိုက်ခတ်ခဲ့ပြီး မုန်တိုင်းကြောင့် လူသုံးဦးသေဆုံးခဲ့ကာ နေအိမ်တချို့နှင့် အခြေခံအဆောက်အအုံတချို့ ပျက်စီးခဲ့ကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇွန် ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မုန်တိုင်းသည် အာကန်ဆက်ပြည်နယ်နှင့် အင်ဒီယားနားပြည်နယ်တို့တွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း၊ မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ပြီး အသေးစားထိခိုက်ဒဏ်ရာရရှိမှုသာဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"အာကန်ဆက်ပြည်နယ်နဲ့ အင်ဒီယားနားပြည်နယ်မှာ အားကောင်းတဲ့မုန်တိုင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပါတယ်။ မုန်တိုင်းအားကောင်းတဲ့အတွက် နေအိမ်တချို့နဲ့ အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ သစ်ပင်ကြီးတွေ လဲကျတာကြောင့် လမ်းမကြီးတချို့ပိတ်ဆို့မှုတွေဖြစ်ပေါ်နေပြီး လျှပ်စစ်မီးပြတ်တောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသူတချို့ ရှိခဲ့ပြီး သေဆုံးသူ သုံးယောက်ရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေအနေနဲ့ အသေးစားထိခိုက်ဒဏ်ရာရရှိမှုမျိုးသာဖြစ်တဲ့အတွက် ဆေးရုံတက်ပြီး ဆေးကုသမှုခံယူစရာတော့ မလိုပါဘူး။ ပျက်စီးမှုတွေကိုတော့ အမြန်ဆုံးရှင်းလင်းပေးသွားဖို့ ဆောင်ရွက်နေပါတယ်။ လျှပ်စစ်မီးပြတ်တောက်မှုပြဿနာနဲ့ရင်ဆိုင်နေရတဲ့ နေအိမ်တွေ လျှပ်စစ်မီးအမြန်ဆုံးပြန်လည်ရရှိဖို့လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီ၏ ဒါရိုက်တာ ကင်မရွှန်းဝုဖ်က ပြောကြားခဲ့သည်။

မုန်တိုင်းသည် အင်ဒီယားနားပြည်နယ် မာတင်ကောင်တီသို့ ဦးတည် တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး သေဆုံးသူသုံးဦးအနက် တစ်ဦးမှာ မာတင်ကောင်တီမှ ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပျက်စီးမှုပမာဏကို စိစစ်နေဆဲဖြစ်ပြီး မုန်တိုင်းအားကောင်းမှုကြောင့် သစ်ပင်ကြီးများလဲကျကာ လမ်းမကြီးများထက်တွင် ပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **နိုင်းဆက်**

# မျက်မှောက်ခေတ် စီးပွားပျက်ကြောင်းတရားခြောက်ပါး

မြင်းခြံကျော်အောင်

လူအများစုကြီးက စီးပွားရှာကြပါတယ်။ ရလဲ ရကြပါတယ်။ ဒါပေမဲ့ ရသမျှအဖတ်တင်သလားဆိုတော့ မတင်ကြပါ။ ယိုကျပျောက်ပျက်တာတွေက များနေတယ်။ ဒါကြောင့် စီးပွားပျက်ကြရတယ်။ စိတ်သောကရောက်ကြရတယ်။ တချို့လဲ ရောဂါဘယခံစားကြရတယ်။ နောက်ဆုံး မသေဆုံးသင့်ဘဲ သေဆုံးကြရတယ်။ အဲဒီလိုဖြစ်နေတယ်။

စီးပွားဥစ္စာကြွယ်ဝလိုသူတွေဟာ မျက်မှောက်ခေတ်ရဲ့ စီးပွားပျက်ကြောင်းတရားတွေကို သိဖို့လိုတယ်။ သိပြီးရှောင်ရှားနိုင်ရင်၊ လုပ်သင့်တာလုပ်နိုင်မယ်ဆိုရင် စီးပွားဥစ္စာတိုးတက်မှာပါ။ အသက်ရှည်ရှည်နဲ့ ပျော်ပျော်ရွှင်ရွှင်နေကြရမှာပါ။ စီးပွားပျက်ကြောင်းတရားတွေကတော့-

## ၁။ အစားမှုပ်တာ

၁၉၄၀ ပြည့်နှစ်ရဲ့ရှေ့ပိုင်းက လူတွေက အစားမပုပ်ကြပါဘူး။ ဒါကြောင့် ဆရာကြီးပီမိုးနင်းက "စားလို့မကုန်၊ မှားလို့ကုန်"လို့ပြောခဲ့တယ်။ အဲဒီစကားကို အခုပြန်ပြင်ရမဲ့ကိန်းဆိုက်နေပြီ။ "စားလို့လဲကုန်၊ မှားလို့လဲကုန်"လို့ ပြင်ရမယ်။

အဲဒါ ဘာကသက်သေပြနေသလဲဆိုတော့ နေရာတိုင်းမှာ လက်ဖက်ရည်ဆိုင်၊ ကော်ဖီဆိုင်၊ ဘီယာဆိုင်၊ စားသောက်ဆိုင်တွေရှိနေတယ်။ မြို့တွေပေါ်မှာသာမကဘဲ တောရွာတွေမှာလဲ ရှိနေတယ်။ မနက်ပိုင်းမှာ လက်ဖက်ရည်၊ ကော်ဖီဆိုင်တွေမှာ လူစည်ကားတယ်။ ဘီယာဆိုင်တွေမှာတော့ ညနေပိုင်းကစပြီး ညဥ့်ပိုင်းထိ စည်ကားနေတယ်။ အဲဒါ နေ့တိုင်း။

သုံးယောက်၊ လေးယောက် ဝိုင်းထိုင်လိုက်ရင် အနည်းဆုံး ငွေကျပ် ၅၀၀၀၀ ကနေပြီး သိန်းချီကုန်ကျတယ်။ လူကြီးတွေသာမဟုတ်ဘူး ကျောင်းသား၊ ကျောင်းသူအရွယ်လူငယ်တွေပါ စားကြ၊ သောက်ကြတယ်။ အဲဒီတော့ ဘာဖြစ်လဲ ပထမငွေကုန်တယ်။ နောက် အချိန်ကုန်တယ်။ နောက်ဆုံး ရောဂါတွေရတယ်။ အသက်မရှည်ကြရဘူး။ ကုသရလို့ ငွေတွေထပ်ကုန်တယ်။ နည်းနည်းနောနောမဟုတ်ဘူး ကျပ်သိန်းနဲ့ချီကုန်ရတာ။

ဒါမြန်မာနိုင်ငံမှာသာမဟုတ်ဘူး။ တောင်ကိုရီးယားနိုင်ငံမှာလဲ ဖြစ်နေတယ်။ မီးပိုချောင်မရှိတော့ဘူး။ ဆိုင်မှာပဲစားကြတယ်။ အခုရောဂါတွေထူပြောလာတာ တွေ့ရပြီ။ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ လူအယောက် ၁၀၀၀၀၀ လျှင် ကင်ဆာရောဂါက ၁၆၁ ဒသမ ၁ ရာခိုင်နှုန်း၊ နှလုံးရောဂါက ၆၁ ဒသမ ၅ ရာခိုင်နှုန်းနဲ့ အဆုတ်ရောင်ရောဂါက ၄၄ ဒသမ ၄ ရာခိုင်နှုန်းနဲ့ သေဆုံးကြောင်း ဖော်ပြခဲ့တယ်။

ဒါ အစားအသောက်အပေါ် အခြေခံဖြစ်တဲ့ရောဂါတွေပဲ။ အဲဒီတော့ စားသောက်ဆိုင်တွေမှာ တဝတပြစားတာ ဆင်ခြင်ပြီး ကိုယ့်အိမ်မှာ ဟင်းသီးဟင်းရွက်ကို ၈၀ ရာခိုင်နှုန်းစားမယ်၊ အသားကို ၂၀ ရာခိုင်နှုန်းစားမယ်ဆိုရင် ငွေကုန်သက်သာပြီး ကျန်းမာရေးနဲ့ ညီညွတ်ပါမယ်။ အဲဒါဆို ရှာရသမျှငွေလဲ အကုန်သက်သာသွားမယ်။ ရောဂါရတာလဲ သက်သာပါမယ်။ စားသောက်ဆိုင်ထိုင်တာကလဲ စွဲတတ်တယ်။ ဒါ စီးပွားပျက်စေတဲ့ နည်းတစ်နည်းပဲ။

## ၂။ သေရည်သေရက်လွန်ကျူးတာ၊ မူးယစ်ဆေးဝါးသုံးစွဲတာတွေ

သေရည်သေရက် သောက်ရင် မြန်မြန်သေစေပါတယ်။ ကိုယ်စောစောသေရဖို့ ငွေပေးပြီးလုပ်နေသလိုဖြစ်တယ်။ မူးယစ်ဆေးဝါ ဒါလဲစိတ်ကြွဆေးလို့ခေါ်တယ်။ ရူးစေတဲ့ဆေးပဲ။ ကိုယ်ဟာလူကောင်းလူကောင်းက လူရူးဖြစ်အောင် လုပ်သင့်သလား ဒါစဉ်းစားရမယ်။

မြတ်ဗုဒ္ဓက သေရည်သေရက်နဲ့ မူးယစ်ဆေးဝါးကို နေ့စဉ်လုံးဝမသုံးဆောင်ဖို့ ဟောကြားခဲ့တယ်။ ကောင်းခြင်းမင်္ဂလာနဲ့ ပြည့်ဝစေဖို့ စေတနာနဲ့ လမ်းညွှန်ထားပါတယ်။ ဘုရားစကား နားထောင်သင့်တာပေါ့။

ပညာရှင်တွေကလဲ အရက်နဲ့ပတ်သက်လို့ တားမြစ်ထားပါတယ်။ မြန်မာရှေးလူကြီးတွေက "လူကိုဖျက်အရက်"လို့ ဆုံးမခဲ့တယ်။ ဘယ်လူမျိုးကမှ အရက်ကောင်းကြောင်း မပြောခဲ့ဘူး။

မူးယစ်ဆေးဝါးအန္တရာယ်ကလဲ ကြီးမားလှပါတယ်။ ၂၀၂၃ ခုနှစ် မေ ၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နဲ့ မရမ်းကုန်းမြို့နယ်ထဲမှာ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွမူးယစ်ဆေးပြား ၃၂ သိန်း အလေးချိန် ၃၂၀ ကီလိုဖမ်းဆီးရမိကြောင်း ဖတ်ခဲ့ရတယ်။ အနယ်နယ်အရပ်ရပ်မှာ မူးယစ်ဆေးဝါးဖမ်းမိတာတွေလဲ အများကြီးပါ။

ဒါ မြန်မာပြည်သူတွေသုံးစွဲနေတာ။ အကျိုးဆက်ကတော့ ငွေကုန်၊ ရောဂါဘယခံစားရ ဖြစ်ကုန်တယ်။ အဲဒီမူးယစ်၊ အရက်၊ ဆေး ခန္ဓာကိုယ်ထဲဝင်လာရင် မလုပ်သင့်တာတွေ လုပ်မိတယ်။ အတွေးအခေါ် အယူအဆတွေ လွဲကုန်ပြီ။ ဒီလိုဖြစ်တာ အခုတိုင်းဖျက်ပြည်ဖျက်လုပ်ရပ်တွေက အဲဒါတွေနဲ့မကင်းဘူး။ ငွေကုန်စီးပွားပျက်၊ ရောဂါတွေရတဲ့အဖြစ်ရောက်စေတယ်။ အဲဒါတွေ သောက်စားသုံးဆောင်သင့်သလား စဉ်းစားဝေဖန်ရပါမယ်။ အကျိုးတစ်စုံတစ်ရာမရနိုင်တာဆို ဆင်ခြင်ရမယ်မဟုတ်လား။

## ၃။ မှားလို့ကုန်တာတွေ

မြတ်ဗုဒ္ဓရဲ့ စီးပွားပျက်ကြောင်းတရားတော်မှာ အားထုတ်မှုမကောင်းလို့ လုပ်ငန်းတွေပျက်စီးရတယ်လို့ ပါရှိတယ်။ ဒီနေ့ မျက်မှောက်ခေတ်မှာ အားထုတ်မှုမကောင်းတာတွေကတော့ ပြောမဆုံးပေါင်တောသုံးတောင်ပါပဲ။

အထူးသဖြင့် လက်ကိုင်ဖုန်းအသုံးပြုပြီး မှားနေကြတယ်။ အချို့အမျိုးသားတွေဟာ နှုတ်ချိုချိုနဲ့ မူရာမာယာများကြတယ်။ အဲဒါ အမျိုးသမီးတွေက ကြည်နူးပြီး မှားကြတယ်။ ဇာစ်မြစ်မသိဘဲ ချိန်းတွေ့ရာက ကျူးလွန်ခံရတယ်။ ပစ္စည်းအလုခံရတယ်။ သတ်ပစ်တာတောင်ခံရတာရှိတယ်။ အယုံလွယ်တဲ့ ပုရိသတွေလဲ ခံသွားရတာရှိခဲ့တယ်။

လူကိုယုံလို့ငွေချေးတာ ပြန်မရတာက ကျပ်သိန်းပေါင်းများစွာပဲ။ ပစ္စည်းအစစ်မှာပေးမယ် ငွေပေးဆိုလို့ ပေးမိတာဆုံးရှုံးကော။ လောကမှာ ဘယ်သူ့မှ မယုံရဘူး။ "ကိုယ်ကကျူး ကိုယ့်ဒူးမယုံရ"လို့ ရှေးလူကြီးတွေက ပြောထားတယ်မဟုတ်လား။ ငွေမက်လွန်းရင်လဲ မှားတတ်တယ်။ ကိုယ်မကျွမ်းကျင်တဲ့လုပ်ငန်းလုပ်မိရာက ဆုံးရှုံးမှုဖြစ်ရတာတွေရှိခဲ့တယ်။ စုငွေထပ်တဲ့ကိစ္စ ဒိုင်ကိုင်သူထွက်ပြေးသွားလို့ ကိုယ့်ငွေပြန်မရတော့ဘူးဖြစ်တယ်။

ကုမ္ပဏီမှာ ရှယ်ယာဝင်ထားတယ်။ အကျိုးအမြတ်ခွဲမပေးတော့ အလကားဖြစ်ကြရတယ်။ ဒါမစိစစ်မိလို့ဖြစ်တာ။ လက်ကိုင်ဖုန်း၊ ငွေနဲ့ရွှေတွေကို စနစ်တကျနဲ့ သိုသိုသိပ်သိပ် မသိမ်းဆည်းမိလို့ အခိုးခံရတာတွေဟာ နေ့စဉ်လိုဖြစ်နေတယ်။ ဒါတွေကတော့ အားထုတ်မှုမကောင်းခြင်း၊ အမှားမှားအယွင်းယွင်းလုပ်မိခြင်းရဲ့ အကျိုးဆက်တွေပဲ။ နည်းနည်းမှားရင် နည်းနည်းခံရမယ်။ များများမှားရင် များများခံကြရမှာပဲ။

❖ ကိုယ့်စီးပွားမပျက်အောင်ဆိုရင် ခြိုးခြံချွေတာပြီး နေမှဖြစ်မှာပါ။ များများရအောင်ရှာတိုင်း စီးပွားဥစ္စာမတိုးတက်မကြွယ်ဝပါဘူး။ စီးတဲ့ရေဆည်တဲ့ကန်သင်းလုပ်မှ စီးပွားဥစ္စာစုမိဆောင်းမိဖြစ်မှာပါ။ အခုခေတ်မှာက တိုးတက်တဲ့ခေတ်ကြီးဖြစ်နေတော့ အမြဲပဲအဆန်းတကြယ်တွေက ပေါ်နေတယ်။ အွန်လိုင်းပေါ်တက်ကြည့် ပစ္စည်းအလှအပတွေ တွေ့ရမယ်။ စားကောင်းသောက်ဖွယ်ဆန်းပြားတာ မြင်ရ၊ ကြားရမယ်။ လိုချင်စရာတွေ အစုံစုံမြင်ရမယ်။ အဲဒါတွေနောက်လိုက်နေရင် လူမောငွေမောသွားမယ်။ ကိုယ့်ရဲ့ ငွေကြေးပစ္စည်းဥစ္စာတွေဟာ ရှောခနဲရှောခနဲ ကုန်ခန်းသွားမယ်။ လက်မဲ့ဖြစ်ကျန်ရစ်မယ်။ အဲဒီတော့ ခြိုးခြံချွေတာပြီးနေကြရပါမယ်။ ❖

## ၄။ အပျော်အပါးကြောင့်ကုန်တာတွေ

ဘုရားပွဲ့ခဏခဏထွက်တာ၊ အပန်းဖြေခရီးအထွက်များတာ၊ အပျော်အပါးလိုက်စားတာများရင် အဖျက်အမှောင့် သူခိုးဓားပြနဲ့တွေ့ပြီး ပစ္စည်းယူ၊ လူသတ်ခံရတတ်တယ်။ အခု အဲဒီလိုခံနေရသူတွေ များနေပြီ။ အဲဒီလို စိတ်ပျော်အောင် အပြင်ထွက်ရှာတာတွေက မပျော်ရဘဲ စီးပွားပျက်ရ၊ လူ့ဒုက္ခရ သေဆုံးဖြစ်တတ်တယ်။ ဆင်ခြင်နိုင်မှ တန်ကာကျပါမယ်။ အဲဒီ ဆုံးရှုံးမှုတွေဟာ တစ်ကွေ့မဟုတ်တစ်ကွေ့၊ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြရတတ်ပါတယ်။

## ၅။ လောင်းကစားကျူးလွန်တာတွေ

ခေတ်ကာလအလျောက် လောင်းကစားမျိုးစုံရှိပါတယ်။ ယနေ့ခေတ်ကာလမှာတော့ နှစ်လုံး၊ သုံးလုံးလောင်းကစား၊ ဘောလုံးပွဲလောင်းကစား၊ ဖဲ၊ ဂျင်လောင်းကစား၊ စုငွေထပ်တဲ့ ငွေကြေးလောင်းကစားစသဖြင့်ရှိကြပါတယ်။ ဘယ်လောင်းကစားလုပ်လို့မှ မကြီးပွား၊ မချမ်းသာဘူး။ အိမ်မီးလောင်ရင် မြေကျန်သေးတယ်။ ချဲမီးလောင်ရင်တော့ မြေပါမကျန်တော့ဘူး။ အဲဒီလိုဆုံးရှုံးတာ။

ငွေသာကုန်တာမဟုတ်ဘူး။ အချိန်တွေလဲကုန်တယ်။ အဲဒါက ပိုဆိုးတယ်။ အဆိုးဆုံးကတော့ မကောင်းမှုလုပ်တာ စွဲသွားခြင်းပါ။ နောက်ဆုံးပေါ် လောင်းကစားနည်းကတော့ ဘဏ်ငွေစာရင်းတွေကချူယူ၊ မြှူယူတဲ့နည်းပဲ။ ပုဂ္ဂလိကဘဏ်က အကောင့်ပိုင်ရှင်တွေ ရင်ဆိုင်ရတတ်ပါတယ်။ ဘာလုပ်ပေးမယ်၊ ဘာအကျိုးအမြတ်တွေရမယ်၊ ဘာဝယ်ပြီးပို့ပေးမယ် ငွေလွှဲပေးဆိုပြီး မက်လုံးပေးတာတွေ ယုံမိလို့ငွေကြေးဆုံးရှုံးသူတွေ အများကြီးပဲ။ ဒါကြောင့် ကိုယ့်ရဲ့ ကိုယ်ရေးအချက်အလက်ငွေစာရင်းအမှတ်တွေကို လျှို့ဝှက်ထားရပါမယ်။ အဲဒီတော့ စီးပွားမပျက်စေရအောင်ဆိုရင် လောင်းကစားမှုတွေနဲ့ ကင်းရှင်းရပါမယ်။ ရိုးရိုးသားသားစီးပွားရှာတာကမှ ကြီးပွားမှာပါ။

## ၆။ ခြိုးခြံချွေတာ မနေထိုင်တာ

ကိုယ့်စီးပွားမပျက်အောင်ဆိုရင် ခြိုးခြံချွေတာပြီး နေမှဖြစ်မှာပါ။ များများရအောင်ရှာတိုင်း စီးပွားဥစ္စာမတိုးတက် မကြွယ်ဝပါဘူး။ စီးတဲ့ရေဆည်တဲ့ကန်သင်းလုပ်မှ စီးပွားဥစ္စာစုမိဆောင်းမိဖြစ်မှာပါ။ အခုခေတ်မှာက တိုးတက်တဲ့ခေတ်ကြီးဖြစ်နေတော့ အမြဲပဲအဆန်းတကြယ်တွေက ပေါ်နေတယ်။ အွန်လိုင်းပေါ်တက်ကြည့် ပစ္စည်းအလှအပတွေတွေ့ရမယ်။ စားကောင်းသောက်ဖွယ် ဆန်းပြားတာ မြင်ရ၊ ကြားရမယ်။ လိုချင်စရာတွေ အစုံစုံမြင်ရမယ်။ အဲဒါတွေနောက်လိုက်နေရင် လူမောငွေမောသွားမယ်။ ကိုယ့်ရဲ့ ငွေကြေးပစ္စည်းဥစ္စာတွေဟာ ရှောခနဲရှောခနဲ ကုန်ခန်းသွားမယ်။ လက်မဲ့ဖြစ် ကျန်ရစ်မယ်။ အဲဒီတော့ ခြိုးခြံချွေတာပြီး နေကြရပါမယ်။ အဲဒါနဲ့မကင်းကွာရင် စီးပွားပျက်မှာပဲ။ ဒါနဲ့ပတ်သက်လို့ အကြောင်းအချက်သုံးရပ်ပြောပါမယ်။

### (က) အလှအပအဆင်တန်ဆာတွေ လျှော့သုံးပါ

အဝတ်ဟာ အရှက်အကြောက်လုံခြုံအောင်အတွက် အဓိကဝတ်ရတာပါ။ အခုတော့ အဲဒီလိုမဟုတ်ဘူး။ ဒီဇိုင်းဆန်းဆန်း အဆင်ဆန်းဆန်းတွေကို မက်မောပြီး ချုပ်ဝတ်ကြတယ်။ ဖိနပ်ဆို အရံများစွာ ဝယ်စီးကြတယ်။ မော်ဒယ်မြင့်ကားဆို ခဏခဏလဲစီးကြတယ်။ ဆံပင်ပြုပြင်တာ၊ မျက်နှာပြုပြင်တာတွေကလဲ ဆန်းဆန်းပြားပြား အမြဲပေါ်နေတယ်။ အဲဒီဆန်းတာတွေနောက်လိုက်လေ ငွေကုန်လေပါပဲ။

### (ခ) အစားအသောက်ပုံစံပြောင်းပါ

"တစ်နေ့မှာ လက်ဖက်ရည်ခုနစ်ခွက်လောက်သောက်ဖြစ်တယ်။ ဒါနဲ့ ကျွန်တော့်မှာ ဆီးချိုရောဂါဖြစ်တော့တယ်"လို့ မိတ်ဆွေတစ်ယောက်က ပြောတယ်။ အဲဒီတော့ အဲဒီလိုအချိုတွေကို မဆင်မခြင်မသောက်သင့်ဘူး။ လွန်ကောကျွဲကော တစ်နေ့ကို အချိုရည် နှစ်ခွက်ထက်မပိုသင့်ဘူး။ အသားစားများတာတွေကလဲ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဂေါက်ရောဂါ၊ ကင်ဆာရောဂါတွေဖြစ်တတ်တယ်။ အသီးအရွက်ကို ၈၀ ရာခိုင်နှုန်းစား၊ အသားကို ၂၀ ရာခိုင်နှုန်းပဲစားမယ်ဆိုရင် ရောဂါစုံကာကွယ်ပြီးသားဖြစ်မယ်။ အရက်၊ ဘီယာတွေလဲ လျှော့သောက်ပေါ့။ အဆီအအိမ့်တွေ လျှော့စားရင် ငွေကုန်သက်သာမယ်။ စီးပွားမပျက်သလို လူလဲရောဂါဖြစ်လို့ ကုသစရိတ်မကုန်တော့ဘူးပေါ့။ ကင်ဆာသာဖြစ်ရင် သိန်းရာချီငွေကုန်ပြီးမှ သေရမှာ။

### (ဂ) အနေအထိုင်၊ အပြုအမူတွေပြောင်းပါ

ဘယ်သွားသွား လမ်းမလျှောက်တော့ဘူး။ အဝေးအလံတော့ ထားပါတော့။ ကားနဲ့မော်တော်ဆိုင်ကယ်နဲ့သွားတာ။ နီးနီးလေးဆို ခြေကျင်သွားပါ။ အထိုင်တွေသိပ်များရင် လျှော့ပါ။ မတ်တတ်ရပ်လုပ်ရတာ အချိန်သိပ်များရင်လဲလျှော့ပါ။ တယ်လီဖုန်းနဲ့ မျက်နှာ အမြဲမခွာတာလဲ ဆင်ခြင်သင့်တယ်။ ကျန်းမာနေစဉ်ကတည်းက ကျန်းမာရေးကို ဂရုပြုပါ။ မကျန်းမာမှ ကျန်းမာရေးကို သတိရရင် နောက်ကျသွားပြီ။ အရက်၊ ဘီယာသောက်တာလျှော့ပြီး ရေများများသောက်ပါ။ နေ့စဉ် ဘုရားမရှိခိုးဖြစ်ရင် ဘုရားရှိခိုးဖို့ မမေ့ပါနဲ့။ အဲဒီလိုပြုပြင်သင့်တာတွေ ပြုပြင်လိုက်ရင် ချွေတာရာရောက်ပြီး စီးပွားဥစ္စာပျက်စီးမှု သက်သာပါမယ်။ မခြိုးခြံမချွေတာလို့ကတော့ ရှာမလောက်ဖြစ်ပါမယ်။

အထက်ကဖော်ပြခဲ့တာတွေကတော့ မျက်မှောက်ခေတ်ရဲ့ စီးပွားပျက်ကြောင်းတရား ခြောက်ပါးပါ။ ဆင်ခြင်နိုင်ရင် စီးပွားပျက်မှာ သက်သာပြီး ငွေ၊ ပစ္စည်းစုဆောင်းမိပါမယ်။ မလိုက်နာရင်တော့ အိတ်ပေါက်နဲ့ ဖားကောက်သလို ဖြစ်မှာပါပဲ။ အဲဒီတော့ မိတ်ဆွေ ချမ်းသာချင်သလား စီးပွားပျက်မဲ့ တရားတွေ ရှောင်ရှားပါ။ စီးပွားဥစ္စာတွေ ဒီရေအလား တိုးပွားလာပါလိမ့်မယ်လို့ ရေးသားလိုက်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးကောင်းရရှိလာ



**ဝါးခယ်မ ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဝါးခယ်မမြို့နယ်မှ ဘဲဥ၊ ကြက်ဥ၊ ဘဲ၊ ကြက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ပြီးခဲ့သည့် ဧပြီလနှင့် မေလက ကြက်ဥအလုံး ၁၀၀ လျှင်ငွေကျပ် ၁၉၅၀၀ သာ ဈေးရှိခဲ့ပြီး ဇွန် ၁ ရက်မှ ယနေ့ထိ ကြက်ဥအလုံး ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀ ထိဈေးကောင်း ရရှိလာကြောင်း၊ အဆိုပါ ကြက်ဥဈေးကောင်းလာခြင်းသည် ဝယ်ယူမှုများလာခြင်းကြောင့်ဖြစ်ပြီး ကြက်ဥဈေးကောင်းလာသဖြင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်ခြံလုပ်သားများ၊ ကုန်သည်များ အဆင်ပြေလာကြောင်း သိရသည်။

"ဒီနှစ်က ဥစားကြက် မွေးမြူသူတွေအတွက် အဆင်ပြေတဲ့နှစ်လို့ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြက်စာဈေးနှုန်းက မနှစ်ကအောက် အနည်းငယ် ပြန်ကျပြီး ကြက်ဥဈေးက ကောင်းလာလို့ပါ။ ဒီနှစ်အဖို့ ကြက်ဥဈေးနှုန်းကလဲကောင်း၊ ကြက်စာ ဈေးတွေကလဲကျတော့ အဆင်ပြေတဲ့နှစ်လို့ပြောတာပါ။ လက်ရှိ ကြက်ဥအလုံး ၁၀၀ ကို အရင်လထက်ငွေကျပ် ၁၀၅၀၀ ထိ ဈေးပိုရနေပါတယ်" ဟုဝါးခယ်မမြို့နယ်မှ ဘဲဥ၊ ကြက်ဥ၊ ဘဲ၊ ကြက် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းရီက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဥစားကြက်မွေးမြူရေးလုပ်ငန်းကို ကျေးလက်ဒေသနေ တောင်သူများက အဓိက လုပ်ကိုင်ကြပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးလျှင် ကြက်ကောင်ရေ ၂၀၀၀ မှ ၁၅၀၀၀ ထိမွေးမြူကြကြောင်း၊ အဆိုပါ ဥစားကြက်ကို အကောင် ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် ဝယ်ယူမွေးမြူရကြောင်း ဝါးခယ်မမြို့နယ်မှ ဘဲဥ၊ ကြက်ဥ၊ ဘဲ၊ ကြက်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မြန်အောင်မြို့နယ် ဆင်သေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြန်အောင် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆင်သေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆင်သေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ဖြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ဆင်သေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးကို ငွေကျပ် ၂၀ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၁၇ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**သံသာ**

# တောင်သာမြို့နယ် ထန်းတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တောင်သာ ဇွန် ၂၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် အိုးဘိုကျေးရွာအုပ်စု ထန်းတောကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ရန်ပုံငွေကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထန်းတောကျေးရွာ၌ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ပြီးပါက မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# မဘိမ်းမြို့နယ် လဝါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မဘိမ်း ဇွန် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၁၇ ကြိမ်မြောက်ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက လဝါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဘိမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၇၆၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက လဝါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၈ ဦးကို ၁၇ ကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**



# ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံ ၈၆၆၅၂ ဧက စိုက်ပျိုးပြီးစီး

**ခင်ဦး ဇွန် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၈၆၆၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၁၁၀၈၁၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလကစတင် စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ပဲမျိုးစုံ ၈၆၆၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံသီးနှံဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ပဲမျိုးစုံသီးနှံဧက ၈၀၀၀၀ ကျော် စိုက်ပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ပဲမျိုးစုံသီးနှံဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ပဲမျိုးစုံစိုက်ပျိုးရာမှာ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့နဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးကြို ပဲတီစိမ်း ၁၅၁၆၂ ဧက၊ မိုးပဲတီစိမ်း ၅၀၃၃၄ ဧက၊ ပဲစင်းငုံ ၂၀၁၇၂ ဧက၊ အခြားပဲ ၉၈၄ ဧကတို့ဖြစ်ပြီး လျာထားမှုအနေဖြင့် မိုးကြိုပဲတီစိမ်း ၂၁၉၃၄ ဧက၊ မိုးပဲတီစိမ်း ၆၃၂၂၅ ဧက၊ ထောပတ်ပဲ ဧက ၄၂၀၊ စွန်တာပြာ ၂၇၇၁ ဧက၊ ပဲစင်းငုံ ၂၀၃၅၄ ဧက၊ အခြားပဲ ဧက ၂၁၁၀ တို့ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ပဲမျိုးစုံသီးနှံ ၁၀၉၉၆၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးသည့်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံအင်ဂျင်နီယာသင်တန်း ဝင်ခွင့်လျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့်ပတ်သက်၍ ထပ်မံရက်တိုးမြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၊ အင်ဂျင်နီယာသင်တန်းဝင်ခွင့်လျှောက်လွှာများ ထုတ်ပေး/တင်သွင်းခြင်းကို **၂၄-၆-၂၀၂၃ ရက်နေ့အထိ** နောက်ဆုံးထုတ်ယူ/တင်သွင်းရန် ကြော်ငြာထားရှိခဲ့သော်လည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းထုတ်ပြန်ပြီးချိန်တွင် စာမေးပွဲအောင်မြင်သူများ ထပ်မံလျှောက်ထားနိုင်ရန်အတွက် လျှောက်လွှာထုတ်ပေး/တင်သွင်းခြင်းအား **၁၅-၇-၂၀၂၃** ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် လျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း၊ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ၌ **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပြီး လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့် လျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေ သန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

## ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးမည်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဇွန် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၁၅၄၂၅ ဧကကို ဇူလိုင်လအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါမိုးစပါးများ စိုက်ပျိုးရန်အတွက် ပိုးမွှားအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်း၊ ရွှေ့ခရုကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခြင်း၊ ဆည်မြောင်း၊ ရေလွှဲမြောင်းများကို ပြန်လည်ပြုပြင်တူးဖော်ခြင်း စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ကျုံပျော်မြို့နယ် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၁၅၄၂၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးတွေ အခက်အခဲမရှိအဆင်ပြေပြေ စိုက်ပျိုးနိုင်ဖို့အတွက် ကြိုတင်ပြီးတော့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ထားပါတယ်။ ဒ့ါပြင် ရေရရှိဖို့အတွက် ရေလှောင်တမံနဲ့ ရေပေးမြောင်းတွေကို ပြန်တူးဖော်ပြုပြင်ပေးရာမှာ မြောင်းသေးသေးလေးတွေပါမကျန် ပြန်လည်တူးဖော်လုပ်ဆောင်ပေးခဲ့ပါတယ်။ သက်ဆိုင်ရာ ဌာနအသီးသီးကလဲ ချိတ်ဆက်ကူညီ ဆောင်ရွက်ပေးနေပါတယ်"ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးစပါး ၁၁၅၄၂၅ ဧက ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးအထွက်နှုန်းကောင်းမွန်လာစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်စေရန် စသည့် အသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးများ ပြန်လည်ရိတ်သိမ်းချိန်ထိ ဆက်လက် ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒေသခံတောင်သူတွေက အခြားသီးနှံထက် စပါးကို အဓိကစိုက်ပျိုးပါတယ်။ အခု မိုးစပါးကို ဈေးကောင်းရပြီး အထွက်နှုန်းကောင်း၊ ဒေသရာသီဥတုအနေအထားနဲ့ ကိုက်ညီတဲ့ စပါးတွေကို စိုက်ပျိုးမှာဖြစ်ပါတယ်။ အခုစိုက်ပျိုးမှာကတော့ ဆင်းသုခ၊ မော်ဘီ-၃၊ မနောသုခ၊ ဆင်းဧကရီနဲ့ GW-11 စတဲ့ စပါးအမျိုးအစားတွေကို အများဆုံးစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ဒေသခံတောင်သူ ဦးလှထွေးက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၁၅၄၀၈ ဧက လျာထားစိုက်ပျိုးခဲ့ပြီး စပါးတစ်ဧကလျှင် ပျမ်းမျှ ၉၃ တင်းထိထွက်ရှိခဲ့ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

## ကံမမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ကံမ ဇွန် ၂၈**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုလျော့ကျရန်အတွက် ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် စီကျေးရွာအုပ်စု စီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ မေ့ဘုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရန် အချက်များ၊ ကော်မတီဝင်များ၏တာဝန်များ၊ လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးပေးနိုင်မှုအခြေအနေများ၊ ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေ ပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကံမမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့်ဝန်ထမ်းများက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီကျေးရွာအုပ်စု စီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**



ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

**Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်**

**Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။**



Myanmar MOBILE MONEY

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ ဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊နစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၂

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

# ထာဝရလှပသော အပြုံးအတွက်

**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

# DENTOMEC



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

FDA အမှတ်-1907 PC 0040

မြိုင်စေဆေးဆိုင်

**ခရုသင်း (သမင်ဖြူ)**

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့်အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

ဆရာဦးခင်မောင်မြင့် အမှတ်-၃၀၈တော်ရိုပ်မြိမ်ရန်ကုန်အင်းစိန်လမ်းမကြီးကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၆၆၆၆၄၇၈၊ ၀၉-၇၅၈၃၂၃၆၁၇

(ဌာနခွဲ)အမှတ်(၂)၆၂လမ်း၊၂၈×၂၉လမ်းကြားဆောင်တော်မူရပ်မန္တလေးမြို့ ဖုန်း-၀၂-၄၈၂၂၅၁၅၀၉-၂၅၆၅၆၀၈၂

## အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အ.ထ.က (၃၄)၊ Grade-9 တွင် ပညာသင်ကြားနေသော မောင်ဟိန်းလင်းထက် (ဘ) ဦးနိုင်လင်း ၏အမည်မှန်မှာ မောင်သော်ဖုန်းမြတ် ဖြစ်ပါကြောင်း။

**မောင်သော်ဖုန်းမြတ်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ကုန်းကြီးကျောင်းမှ Grade-8 တွင် ပညာသင်ကြားနေဆဲဖြစ်သော မောင်ကောင်းသန့်ဝေ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးထွန်းဝေ ဖြစ်ပါကြောင်း။

**ဦးထွန်းဝေ(၉/တတဉ(နိုင်)၁၀၆၈၃၈)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ကုန်းကြီးကျောင်းမှ Grade-8 တွင် ပညာသင်ကြားနေဆဲဖြစ်သော မမြသက်ခိုင် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရင်မောင်ဦး ဖြစ်ပါကြောင်း။

**ဦးရင်မောင်ဦး(၉/ကပတ(နိုင်)၀၀၆၀၂၂)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အမှတ်(၁၁) အခြေခံပညာမူလတန်း(လွှတ်)ကျောင်းမှ ဒုတိယအလယ်တန်းပြ အဖြစ်တာဝန်ထမ်းဆောင်နေသော ဒေါ်သီတာ၏ဖခင်အမည်သည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့်အမှုထမ်းစာအုပ်တွင်ပါရှိသော ဦးကျော်ငွေနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင်ပါရှိသော ဦးမောင်နု သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ငွေ(ခ)ဦးမောင်နု (၉/မလန(နိုင်)၀၀၅၀၁၂)**

## ဖခင်အမည်မှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade-6(B) မှ မောင်စိုင်းခမ်းဆီဟိန်း ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဦး (၉/ခမစ(နိုင်)၀၁၀၇၅၂) ဖြစ်ပါကြောင်း။

**ဦးဇော်ဦး**

**(၉/ခမစ(နိုင်)၀၁၀၇၅၂)**

## ပျောက်ဆုံးကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နေ မောင်ဟိန်းထက်ကျော် (ဘ) ဦးနိုင်ဇော်လင်း (၁၄/ဓနဖ(နိုင်)၂၂၃၇၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-622132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၂၆၁၁၈၃၁

## ပျောက်ဆုံးကြောင်း

နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နေ မောင်မျိုးမင်းဝိုင် (ဘ) ဦးအေးချို (၁၄/ဓနဖ(နိုင်)၂၀၆၀၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-611005)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၃၉၈၇၂၀၉

ဥတု

ရာသီ

တောက်ပြိ

“အဂတိပယ်ရှား ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm

Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ လူအများစုလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်မှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်...

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များ တင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်...

❖ ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Dr. Nikolay Listopadov ကိုယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၁၈ ကော်လံ ၁☆



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး၊ H.E.Dr.Nikolay Listopadov ကို လက်ခံတွေ့ဆုံစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**KNDF နှင့် KNPP အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တို့ တိုက်ခိုက်သိမ်းပိုက်ထားသည့် ပန်တိန်းဒေသနှင့် ဗွတ်ပိုင်ဒေသရှိ နယ်ခြားစောင့်တပ်များကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့** စာမျက်နှာ - ၂၃

**တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သောအဖွဲ့အစည်းအဖြစ် နိုင်ငံတော်က ကြေညာထားသည့် Action Labour Right အမည်ခံအဖွဲ့နှင့်ပူးပေါင်း၍ ဆူပူဆန္ဒပြမှုများဖြစ်ပွားစေရန် နောက်ကွယ်မှသွေးထိုးလှုံ့ဆော်သူများကို ဖမ်းဆီးရမိ** စာမျက်နှာ - ၂၂

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..